# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၆၆)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၂-၅-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# လူငယ်များ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိ

# အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရိုသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်း

နေပြည်တော် မေ ၂၁

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် မောင်တို့မယ်တို့အနေဖြင့် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှ တစ်ဆင့် စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊

စာမျက်နှာ ၃ သို့ ★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့

ဇီဝမျိုးစုံမျိုးကွဲများသည် သက်ရှိလောက တည်မြဲစေရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ရေကောင်းရေသန့်၊ လေကောင်းလေသန့်၊ အစားအစာ၊ ဆေးဝါးများပံ့ပိုးပေးခြင်း၊ ရာသီဥတုပြောင်းလဲမှု ထိန်းညှိပေးခြင်းများ၊ ဝတ်မှုန်ကူးခြင်းများ၊ သဘာဝရောဂါခံနိုင်မှုစွမ်းရည်များဖြင့် လူသားများအပါအဝင် သက်ရှိလောကကို အကျိုးပြုလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေဂေဟစနစ်များ ၎င်းတို့ပါဝင်နေသော ဂေဟဗေဒအရ ဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကို ဆိုသည်။ ဇီဝအရင်းအမြစ်များဖြစ်သည့် အစားအစာ၊ ဆေးနှင့် ဆေးထုတ်လုပ်သည့် အရင်းအမြစ်များ၊ သစ်တောထွက်ပစ္စည်းများ၊ အလှအပရှုခင်းအပင်များ၊ မျိုးရိုးဗီဇ၊ မျိုးစိတ်နှင့် ဂေဟစနစ် မျိုးစုံမျိုးကွဲများကို ပံ့ပိုးပေးလျက်ရှိသည်။ လူမှုအကျိုးကျေးဇူးအနေဖြင့်လည်း အပန်းဖြေခြင်းနှင့် ခရီးသွားခြင်း၊ ယဉ်ကျေးမှုတန်ဖိုးများ၊ စိတ်ပိုင်းဆိုင်ရာတန်ဖိုးများ၊ သုတေသနနှင့် ပညာရေးဆိုင်ရာအကျိုးကျေးဇူးများကို ပံ့ပိုးပေးလျက်ရှိသည်။

၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biodiversity CBD) အစည်းအဝေးတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာကိစ္စများကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့် သတိပြုမိစေရန်ရည်ရွယ်၍ နှစ်စဉ် မေ ၂၂ ရက်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။

နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ၂၀၁၅ - ၂၀၂၀ ကို ရေးဆွဲထားပြီးဖြစ်၍ စီမံချက်နှင့်အညီ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များရေးဆွဲဆောင်ရွက်ခြင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်မှ ၂၀၂၈ - ၂၀၂၉ ခုနှစ်အထိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း စီမံချက်ပါလုပ်ငန်းများကို အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးပျောက်ကွယ်မှုကို ရပ်တန့်နိုင်ရေးနှင့် စဉ်ဆက်မပြတ်အသုံးပြုမှုတို့အတွက် သဘာဝကိုအခြေခံသောနည်းလမ်းများ (Nature-based Solutions)ကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

သဘာဝကို အခြေခံသော နည်းလမ်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးကုန်ကျစရိတ်သက်သာသောနည်းလမ်းများဖြစ်ပြီး ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးအကျိုးအမြတ်များကို တစ်ပြိုင်နက်တည်း ပံ့ပိုးပေးနိုင်ကာ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်စွမ်းကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ သစ်တောများ၊ မြက်ခင်းပြင်များနှင့် ရေတိမ်ဒေသများစသည့် ဂေဟစနစ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ၊ လူသားတို့၏ ကျန်းမာရေးနှင့် ချမ်းသာသုခအပါအဝင် များပြားသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သည်။ သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဂေဟစနစ်များကို ပြန်လည်ထူထောင်ခြင်းသည် နိုင်ငံ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့၊ မဟာမုနိဘုရားကြီးအား ဥပုသ်နေ့တိုင်း အတွင်းတော်ထိ ဝင်ရောက်ပူးမြော်နိုင်ပြီဟု ဆို



**မန္တလေး မေ ၂၁**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိသဖြင့် ဝင်ရောက်ခွင့်ပိတ်ထားခဲ့ရာ မေ ၁၉ ရက်မှ စတင်၍ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ဥပုသ်နေ့တိုင်း နံနက် ၈ နာရီ မှ ညနေ ၄ နာရီထိ အတွင်းတော်ထိဝင်ရောက် ဖူးမြော်နိုင်ပြီဖြစ်ကြောင်း မဟာမုနိ ဂေါပကအဖွဲ့ထံမှ သိရသည်။

"အပျက်အစီးတွေ ပြုပြင်ဆဲကာလအတွင်းမှာ ဥပုသ်နေ့တိုင်း ကျောင်းတော်ကြီးအတွင်းကနေ ဖူးမြော်နိုင်ရေးအတွက် ဂေါပအဖွဲ့အနေနဲ့ ကြိုးစားစီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဖူးမြော်မယ်ဆိုရင် အရှေ့စောင်းတန်းအလယ်ကနေ ဝင်ရောက်ရမှာပါ" ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း အပျက်အစီးများရှင်းလင်းဆောင်ရွက်ခြင်း၊ ကြံ့ခိုင်မှုများစစ်ဆေးခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်)မှ စတင်၍ ရုပ်ရှင်တော်မြတ်အား အနီးကပ်ဖူးမြော်နိုင်ရန် ဗုဒ္ဓဝင်ပြခန်းအနီး၌ ယာယီမဏ္ဍပ်ဆောက်လုပ်၍ LED Board ဖြင့် တိုက်ရိုက်ပြသကာ အဖူးမြော်ခံခဲ့ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော် (ဘုရားကြီး)တွင် ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ပျက်စီးမှုများကို ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိရာ ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုသူများအတွက် ကျောင်းတော်ကြီးအတွင်း၌ အလှူခံဌာန ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက် (၃၇)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်ဓမ္မာရုံ၊ ချမ်းမြသာစည်မြို့နယ်၊ စံပြလမ်းနှင့် ၇၈လမ်းကြား၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ မြတ်စောညီနောင်ဓမ္မာရုံအနီးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့်အစီအစဉ်ကို မေ ၂၂ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၈ လမ်းနှင့် ၅၈ (A)လမ်းကြား၊ ၁၂၆လမ်း၊ (ဆ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ မေ ၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ် ရွှေဥမ်းထုပ်ရပ်ကွက်၊ တရုတ်တန်းလမ်း၊ နဂါးရုံဘုရားဝင်းအတွင်းတို့တွင်လည်းကောင်း၊ မေ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၈၁ လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက် (၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးရေးစရိတ်ချေးငွေများထုတ်ပေး

**အမရပူရ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ စုပေါင်းရုံးဝန်းအတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ယမန်နေ့နံနက် ၁၀ နာရီက ၂၀၂၅ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှုနှင့်ပတ်သက်ပြီး တောင်သူများကို မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယတိုင်းဒေသကြီး မန်နေဂျာဦးအောင်မျိုးသန်းက ချေးငွေနှင့်ပတ်သက်၍ တောင်သူများလိုက်နာရမည့်အချက်များ၊ သိသင့်သိထိုက်သည့်အချက်များနှင့် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် တောင်သူများကိုသာ ချေးငွေထုတ်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး၊ မြို့နယ်မန်နေဂျာ ဒေါ်မာလာသိန်းနှင့်အတူ ကင်းဘတ်ကျေးရွာတောင်သူများအား ၂၀၂၅ မိုးစပါးစိုက်ပျိုးစရိတ်များကို ချေးငွေစည်းကမ်းချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (ဝစ၄)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

★ ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ မိမိအတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း အကျိုးရှိစေသည့် ရေကြောင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ လူငယ်သင်တန်းအသီးသီးကို လေ့လာသင်ယူတက်ရောက်ခဲ့ကြသည့် နိုင်ငံတစ်ဝန်းမှ မောင်မယ်များနှင့်တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကားပြောကြားခြင်းဖြစ်ကြောင်း။

ယခုသင်တန်းများကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအထိ သင်တန်းကိုးကြိမ်ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ သင်တန်းစတင်ဖွင့်လှစ်ချိန်တွင် သင်တန်းသားတစ်ဦးကို သင်တန်းတစ်ကြိမ်သာ တက်ရောက်နိုင်ရန်စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင်သင်တန်းတက်ရောက်ပြီးလူငယ်များ၊ သင်တန်းမတက်ရသေးသည့် လူငယ်များ၏ ထက်သန်သည့်စိတ်ပါဝင်စားမှုနှင့် တင်ပြမှုများကြောင့် သင်တန်းတက်ရောက်ပြီး လူငယ်များကို နောက်နှစ်တွင် သင်တန်းဆက်တက်နိုင်ရန် တန်းမြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။

သင်တန်းများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့အထိ အခြေခံ ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ကိုးကြိမ်၊ သင်တန်းသား ၈၄၄၆ ဦး၊ တန်းမြင့်ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ရှစ်ကြိမ်၊ သင်တန်းသား ၁၆၄၄ ဦး စုစုပေါင်း လူငယ် ၁၀၀၉၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း။

သင်တန်းဖွင့်လှစ်ရသည့် မူလရည်မှန်းချက်များ အောင်မြင်ခဲ့ရုံသာမက သင်တန်းကာလတွင် **နိုင်ငံ၏ ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတ ဖလှယ်ခွင့်များရရှိခဲ့ပြီး** **စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ အဆိုပါမိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အသိုက်အဝန်းများထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်ဖြစ်**ကြောင်း။

**မိတ်ဆွေကောင်း၏အရေးပါမှု**

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးတည်ချက်(၉)ရပ်တွင် ပြဋ္ဌာန်းထားသည့် လူမှုရေးကဏ္ဍ၌ လူငယ်များနှင့် ပတ်သက်ပြီး "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူ၍ ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ဗလငါးတန်အနက် မိတ္တဗလဟူသည်မှာ လူရယ်လို့ဖြစ်လာပါက မိတ်ကောင်းဆွေမှန်ရှိရန်လိုအပ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှု၊ အမှားတွေ့ပါက စေတနာဖြင့်ဝေဖန်ထောက်ပြမှုစသည်တို့သည် မိတ်ဆွေအချင်းချင်း ပြုမူပေးတတ်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့မိတ်ဆွေကောင်းများကို ပိုင်ဆိုင်ခြင်းအားဖြင့် မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ဘဝကို ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ကြမည်ပင်ဖြစ်ကြောင်း။

လူတိုင်းတွင် မိတ်ဆွေကောင်းရှိရန်အရေးကြီးသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မိမိတို့နိုင်ငံတော်ကြီးသည်လည်း မိတ်ဆွေကောင်းများ ပိုင်ဆိုင်ထားသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပြည်တွင်းရေးအခြေအနေများနှင့်ပတ်သက်ပြီး အမှန်တရားဘက်က အရှိအတိုင်းရပ်တည်ပေးသည့် နိုင်ငံများသည် နိုင်ငံတော်၏မိတ်ဆွေကောင်းများပင် ဖြစ်ကြကြောင်း။

မကြာခင်ကဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကို မောင်တို့မယ်တို့လည်း သိရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးရန်ရောက်လာသည့် မိတ်ဆွေကောင်းနိုင်ငံများ၊ ဝမ်းနည်းစာနာကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်နေထိုင်ရေးကဏ္ဍစုံတွင် ပံ့ပိုးကူညီပေးကြသည့်အဖွဲ့အစည်းများနှင့် နိုင်ငံများသည် မိမိတို့နိုင်ငံအတွက်မိတ်ဆွေကောင်းများဟု ဆိုရမည်ဖြစ်ကြောင်း။

**လူငယ်ဘဝကတည်းက**
**အသိမှန် အတွေးမှန် ရှိကြရန်လို**

စာအုပ်စာပေများသည်လည်း လူသားတို့၏ မိတ်ဆွေများဖြစ်ကြောင်း၊ လူများ၏စိတ်ကို နူးညံ့စေသည့် ရသစာပေများ၊ အတွေးအခေါ်ဗဟုသုတ မြင့်မားစေသည့် သုတစာပေများကို ဖတ်ရှုလေ့လာပြီး မိမိ၏ဘဝ အစဉ်တိုးတက်နေအောင် ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများ ဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန်လို**

ဒီမြေမှာမွေး ဒီမြေမှာကြီးပြင်းခဲ့ကြသူများပီပီ **အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာသိရှိနားလည်ထားရမည်ဖြစ်**ကြောင်း၊ ခိုင်မာသည့်သမိုင်းအထောက်အထားများအရ မိမိတို့နိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၁၀၀ (ဘီစီ ၁ ရာစု)ခန့်ကတည်းက မြို့ပြနိုင်ငံများ စတင်ထူထောင်နေထိုင်ခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်သမိုင်းကြောင်းရှိသည့်နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၁၁၀၀ ခန့်က ပုဂံအင်ပါယာကို စတင်ထူထောင်ခဲ့ပြီးနောက်ပိုင်းတွင် တိုင်းရင်းသားပေါင်းစုံစုစည်းပြီး ကိုယ့်မင်းကိုယ့်ချင်းနှင့် ရပ်တည်ခဲ့သည့် ဘုရင့်နိုင်ငံဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားလှသော်လည်း အဆိုပါခေတ်က ခေတ်နှင့်လျော်ညီသည့် ခေတ်မီပညာရပ်များ သင်ကြားသင်ယူမှုမရှိနိုင်ခဲ့သဖြင့် ခေတ်ပညာတတ်များမရှိခြင်း၊ စည်းလုံးညီညွတ်မှု အားနည်းခြင်းများကြောင့်

စာမျက်နှာ ၄ သို့ ★

○ **နိုင်ငံ၏ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များ ရရှိခဲ့ပြီး စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်**

○ **အဆိုပါ မိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေအသိုက်အဝန်းများ ထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့်လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်**

★ စာမျက်နှာ ၃ မှ

ခေတ်မီနိုင်ငံ၊ ခေတ်မီလူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် အားနည်းခဲ့ကြရကြောင်း၊ ထို့ကြောင့် သမိုင်းအစဉ်အလာကြီးမားသည့် မိမိတို့နိုင်ငံသည်လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသည် မျိုးချစ်လူငယ်များက ခေတ်မီတပ်မတော်တစ်ရပ်ထူထောင်ပြီး ပြည်သူလူထု၏ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းကြိုးပမ်းမှုများကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးအတွက် ပြည်သူများ၊ တပ်မတော်သားများ အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ပြီး စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ **လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် "တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်" ဆိုသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ရက်ပိုင်း၊ လပိုင်းသာရှိသေးသည့် လွတ်လပ်ရေးသစ်ပင်သည် အသီးအပွင့်မမြင်ရသေးခင်မှာပင် အမြစ်ကဆွဲနုတ်ခံရမည့် အဖြစ်မျိုး ကြုံခဲ့ရကြောင်း**၊ တပ်မတော်နှင့်ပြည်သူလက်တွဲပြီး ခက်ခက်ခဲခဲလွတ်လပ်ရေးကို ကာကွယ်ခဲ့ရကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပကျူးကျော်မှုများနှိမ်နင်းအပြီးတွင် နိုင်ငံရေးအားနည်းချက်များ၊ ပြည်ပပယောဂများကြောင့် တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်နှင့် ကြုံတွေ့ရပြန်ကြောင်း၊ **အမြစ်ကနုတ်ခံရမည့် လွတ်လပ်ရေးသစ်ပင်ကို ခက်ခက်ခဲခဲကြိုးပမ်းကာကွယ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် အပိုင်းပိုင်းဖြတ်မည့်အန္တရာယ်နှင့် ထပ်မံကြုံတွေ့ရခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး နိုင်ငံရေးစုစည်းညီညွတ်မှု၊ လူမှုရေးနှင့် စီးပွားရေး စည်းလုံးညီညွတ်မှုရရှိစေရေးအတွက် ဗဟိုကွပ်ကဲအုပ်ချုပ်မှုနှင့် နိုင်ငံကို ပြန်လည်စုစည်းတည်ဆောက်ခဲ့ရကြောင်း။

ဗဟိုကွပ်ကဲအုပ်ချုပ်မှုတွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်းရှိခဲ့ကြောင်း၊ စုစည်းသည့်နိုင်ငံရေးစနစ်ကို တည်ဆောက်နိုင်ခဲ့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အားနည်းခဲ့ကြောင်း၊ ထိုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပအဖျက်သမားများသည် နှစ်ရှည်လများ နည်းအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ရပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ ကူးပြောင်းနိုင်ရန် တည်ဆောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုနေရာတွင် သတိပြုမိရန်ကလည်း ပြည်ပ၏ပယောဂပင်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်ကတည်းက မတည်မငြိမ်ဖြစ်အောင် စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့သည့် အဆိုပါအင်အားစုများနှင့် ၎င်းတို့၏ အဆက်အနွယ်များကပင် အဆိုပါကိစ္စကို နှပ်ကြောင်းပေးဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ အချိန်မရွေး ဝင်ရောက်စွက်ဖက်၍ ကောင်းစေရန် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယင်းကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ **အဖျက်သမားများ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဟန်ချက်ညီမှု၊ လူမှုစီးပွားဘဝ ဟန်ချက်ညီမှုများကို သိရှိကြကြောင်း၊ အဆိုပါဟန်ချက်ညီမှုများကို ဖျက်ဆီးနိုင်မှသာ ၎င်းတို့၏ယုတ်မာသည့် နိုင်ငံတော်ပြိုကွဲစေရေး အကြံအစည်များနှင့် ဒေသအတွင်း မြန်မာကို တည်ကြက်ထားပြီး ၎င်းတို့ထိန်းချုပ်လိုသည့်နိုင်ငံများကို ထိန်းချုပ်လိုသည့် အကြံအစည်များအား အကောင်အထည်ဖော်နိုင်မည်ကို သိရှိကြကြောင်း၊ ယင်းကို ၎င်းတို့ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြသည်ကို မိမိတို့နိုင်ငံသားများအားလုံးကသိရှိ သတိရှိကြရမည်ဖြစ်ကြောင်း။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ထားကြောင်း၊ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်နေရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းကကဲ့သို့ သမိုင်းတွင် အရုပ်ဆိုးအကျည်းတန်သည့်အဖြစ်မျိုးများ၊ ရွေးကောက်ပွဲမတိုင်မီကာလတွင်လည်း ဒီမိုကရေစီအမည်ခံ ဥပဒေမဲ့လုပ်ဆောင်မှုများ၊ အာဏာရှင်ဆန်ဆန်လုပ်ဆောင်မှုများကြောင့် တိုင်းပြည်၏ စည်းလုံးညီညွတ်မှု၊ ဟန်ချက်ညီရပ်တည်မှုများ ပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် **နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို**ကြောင်း။

တစ်လုတ်စားဖူးသူ့ကျေးဇူးဆိုသည့် စကားနှင့်အညီ **ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိကြရမည့်တာဝန်ဝတ္တရားရှိ**ကြကြောင်း၊ အလားတူ မိမိအပေါ်ပြုဖူးသည့် ကျေးဇူးမှန်သမျှကိုလည်း အစဉ်အသိအမှတ်ပြုနိုင်မှသာ လူပီသပြီး လူ့အဖွဲ့အစည်းက အသိအမှတ်ပြုခံရသည့် လူသားများဖြစ်လာကြမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရာမှတစ်ဆင့် ရရှိခဲ့သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကြရန်၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှ စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်၊ မှန်ကန်သည့်အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန် **"ပညာရွှေအိုး လူမခိုး"** ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကို တစိုက်မတ်မတ်ရှာဖွေရင်း တစ်ဖက်တွင်လည်း မိမိတို့၏ကျန်းမာရေးအတွက် ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရှိသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါဝရပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မငုရီကိုကိုနှင့် လေကြောင်းလူငယ်သင်တန်းမှ မသုရတနာအောင်တို့က အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့်အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)တို့တွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မိမိတို့ ရေကြောင်း၊ လေကြောင်းလူငယ်မောင်မယ်များအနေဖြင့် နွေရာသီအားလပ်ရက်ကာလများတွင် အနာဂတ်နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် ပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားခွင့်ရရှိခဲ့ပြီး ဒေသအသီးသီးမှ လူငယ်မောင်မယ်များနှင့် တစ်စုတစ်စည်းတည်းတွေ့ဆုံခွင့်ရရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသင်တန်းများမှရရှိခဲ့သည့် အသိပညာဗဟုသုတများသည် မိမိတို့လူငယ်မောင်မယ်များ ဆက်လက်လျှောက်လှမ်းကြရမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူပြုသွားမည်ဖြစ်သည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ထိရောက်စွာစွမ်းဆောင်ပေးနိုင်သော တက်ကြွသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားများပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များကို လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို သိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို

○ ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့်တာဝန်ဝတ္တရားရှိ

# တိုက်ကြီးမွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များချမှတ်ကာ စနစ်တကျအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်

❐ စာမျက်နှာ ၂၄ မှ
တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အဆိုပါ ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်ရလုပ်ငန်းရှင်များ၊ တိုက်ကြီးမြို့နယ်အတွင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တိုက်ကြီးမွေးမြူရေးဇုန် ဦးဆောင်ကော်မတီဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် ကုမ္ပဏီများမှ တိရစ္ဆာန်အမျိုးအစားနှင့် အကောင်ရေ မွေးမြူရန် လျာထား ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဇုန်အတွင်း မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် လမ်း၊ လျှပ်စစ်မီး၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အမှတ် (၃) စိုက်ပျိုး/မွေးမြူရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားကြောင်း၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုက်ကြီး မွေးမြူရေးဇုန်အနေဖြင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ၇ ဒသမ ၃ သန်းကျော် နေထိုင်လုပ်ကိုင်စားသောက်ကြရာ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် စားသောက်ကုန် ပစ္စည်းများ လုံလောက်ခြင်း မရှိသည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် စားသောက်ကုန်များကို မှီခိုအားထားနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများကို စားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဇုန်အလိုက် စနစ်တကျ တိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ မိမိဒေသအတွင်းရှိ ပြည်သူများအတွက် စားကုန်၊

★ **တိရစ္ဆာန်များကို မွေးမြူခြင်းဖြစ်သဖြင့် ဇီဝကာကွယ်မှုလုပ်ငန်း (Biosecurity) သည်လည်း အဓိကအရေးကြီးကြောင်း၊ ဇီဝရောဂါ ကူးစက်မှုများသည် လူများဝင်ထွက်သွားလာမှု စနစ်မကျခြင်းမှတစ်ဆင့် စတင်ကူးစက်ပြီး တိရစ္ဆာန်အချင်းချင်း ကူးစက်မှုဖြစ်သဖြင့် ဂေဟစနစ်ကို သိရှိပြီး ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် ဆောင်ရွက်သွားကြရန်လို**

သောက်ကုန်နှင့် လူသုံးကုန်များ ဖူလုံမှုရှိစေရန် ယခု တိုက်ကြီး မွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များ ချမှတ်၍ စနစ်တကျအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

### ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်

မွေးမြူရေးဇုန်အတွင်း လာရောက် ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီ အကြံပြုခြင်းများ၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ပြင် မွေးမြူရေးနှင့်ပတ်သက်၍ တိရစ္ဆာန်များအတွက် ရောဂါကာကွယ်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိရစ္ဆာန်များကို မွေးမြူခြင်းဖြစ်သဖြင့် ဇီဝကာကွယ်မှုလုပ်ငန်း (Biosecurity) သည်လည်း အဓိကအရေးကြီးကြောင်း၊ ဇီဝရောဂါ ကူးစက်မှုများသည် လူများဝင်ထွက်သွားလာမှု စနစ်မကျခြင်းမှတစ်ဆင့် စတင်ကူးစက်ပြီး တိရစ္ဆာန်အချင်းချင်း ကူးစက်မှုဖြစ်သဖြင့် ဂေဟစနစ်ကို သိရှိပြီး ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မွေးမြူရေး လုပ်ငန်းတွင် တိရစ္ဆာန်များအတွက် အစာအာဟာရ လုံလောက်စွာရရှိရေးသည် အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် လွှတ်ကျောင်းစနစ်၊ လှောင်မွေးစနစ်နှင့် အဆိုပါနှစ်ခုကိုပေါင်းစပ်၍ Hybrid စနစ်ဖြင့် မွေးမြူခြင်းများရှိကြောင်း၊ ထိုအထဲတွင်လှောင်မွေးစနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ လှောင်မွေးစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နေ့စဉ်ကျွေးရမည့် တိရစ္ဆာန်အစာနှင့် ဖြည့်စွက်စာများ လိုအပ်ကြောင်း၊ အဆိုပါလိုအပ်သည့် အစာများထဲမှ ဖြည့်စွက်စာများကို မိမိတို့ဇုန်အတွင်း၌ပင် စဉ်ဆက်မပြတ် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ဇုန်အတွင်း သတ်မှတ်လျာထားပြည့်မီအောင် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် မွေးမြူရေးဇုန်နှင့် သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များကလည်း မိမိတို့တာဝန်ယူ ဆောင်ရွက်သွားကြမည့် လုပ်ငန်းကဏ္ဍအလိုက် ထဲထဲဝင်ဝင် စနစ်တကျနှင့် သိပ္ပံနည်းကျ မွေးမြူရေးသို့ ရှေးရှုလုပ်ဆောင်ကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများ လုပ်မည်ဆိုပါက ရေနှင့်မီးသည် အဓိကလိုအပ်သည့် အချက်များပင် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က ရေနှင့်မီးရရှိရေး ဆောင်ရွက် ပေးထားသည်ကို တွေ့ရှိရကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိပါက လုပ်ငန်းရှင်များအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ပြင် မိမိတို့ခြံနယ်နိမိတ်အလိုက် ယခုမိုးရာသီမှ စတင်၍ အကြီးမြန်သည့် သစ်ပင်များကို နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် အပင်သုံးတန်းကို Zigzag စနစ်ပုံစံဖြင့် စတင်စိုက်ပျိုးကြရန် လိုကြောင်း၊ ထိုသို့ စိုက်ပျိုးခြင်းဖြင့် အပင်များသည် တိရစ္ဆာန်များနှင့် အဆောက်အအုံများအတွက် သဘာဝဘေးအန္တရာယ်များကိုအထိုက်အလျောက် ကာကွယ်တားဆီး နိုင်မည်ဖြစ်ကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန်ကို စံပြမွေးမြူရေးဇုန်ဖြစ်ရန် သတ်မှတ်ကာလအလိုက် လုပ်ငန်းများ အပိုင်းလိုက် စီမံချက်များ ရေးဆွဲ၍ စာမျက်နှာ ၆ သို့ ❐

## ရေကြောင်းတို့လူငယ်



❖ မြန်မာ့ပင်လယ် ကာကွယ်မယ်
ရေကြောင်းတို့လူငယ်။
သိဖွယ် တတ်ဖွယ် ပညာများ
လိုက်နာလို့မှတ်သား။

❖ ကျောင်းသူကျောင်းသားများလူငယ်
တိုင်းပြည်ဂုဏ်မြှင့်မယ်။
လူငယ်နှင့်ပင်လယ် ထိတွေ့ခွင့်
သမီးတို့ သဲတစ်ပွင့်။

❖ သဲပွင့်များစွာ စုစည်းကာ
နိုင်ငံအတွက်ပါ။
နိုင်ငံတော်မှာ တည်တံ့မြဲ
သမီးတို့ တာဝန်ပဲ။

❖ နိုင်ငံ့အကြီးအကဲ စေတနာ
သမီးတို့ ဂုဏ်ယူတာ။
လက်ဆယ်ဖြာ ဦးထိပ်ထား
ရှိသေမြတ်လေးစား။

❖ ကတိစကား ပြောချင်တာ
သမီးတို့ ရင်ထဲမှာ။
တစ်နေ့ချိန်ခါ တာဝန်ထမ်း
နိုင်ငံအတွက် မျှော်ရည်မှန်း။
သမီးတို့ စိတ်လန်းဆန်း။ ။

ငုရီကိုကို

ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)မှ သင်တန်းသူ မငုရီကိုကို ရေးသားသည့်ကဗျာအား ဂုဏ်ပြုဖော်ပြအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

❒ စာမျက်နှာ ၅ မှ

အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း။

### နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်

ဇုန်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရင်းနှီးမတည်ငွေများ လိုအပ်ပါကလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အရင်းမပျောက် မတည်ငွေ၊ MSME ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ချေးယူရရှိနိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ရန် လိုကြောင်းနှင့် တိုက်ကြီးမွေးမြူရေးဇုန်အား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည် အထိ တိုးတက် အောင်မြင်စေရေး အားလုံးက မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ဝိုင်းဝန်းကြိုးပမ်း သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမွေးမြူရေးဇုန်အတွင်း သက်ဆိုင်ရာကုမ္ပဏီများအလိုက် မွေးမြူရေးလုပ်ငန်းများအတွက် ဝက်ခြံများနှင့် ကြက်ခြံများအပါအဝင် အခြားအဆောက်အအုံများ အကောင်အထည်ဖော် တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/မွေးမြူရေးစခန်းတွင် တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံ စိုက်ပျိုး/ မွေးမြူရေးစခန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုစားရေရိက္ခာ ဖူလုံရေးနှင့် ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမွေးမြူရေးဇုန်ကို မြေဧက ၂၁၀၁ ဒသမ ၀၄ ဧကပေါ်တွင် မွေးမြူရေးလုပ်ငန်းများ အပိုင်းအလိုက် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြေပြင်အသေးစိတ်တိုင်းတာခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လုပ်ကွက်များ သတ်မှတ်ပေးခြင်း၊ ရေအရင်းအမြစ်ရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး လက်ရှိအခြေအနေတွင် မွေးမြူရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇုန်အတွင်း လုပ်ငန်းရှင်များက အသားစားကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ အသားစားကြက်၊ ဥစားကြက်၊ နို့စားနွား၊ အသားစားနွား၊ ဘဲ၊ မျိုးဘဲမ၊ ငုံး၊ ငန်း၊ ငါးနှင့် ဇီဝဓိုးငှက် မွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကိစ္စရပ်များအား နေ့ညမပြတ် ထူထောင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ကျန်းမာရေးနှင့် ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/ မွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံ စိုက်ပျိုး/ မွေးမြူရေးစခန်းများဆိုင်ရာ အချက်အလက်များ၊ အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများနှင့် ခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည် မိသားစုများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများမှ ထွက်ရှိသည့် စားသောက်ကုန်ပစ္စည်းများသည် လတ်ဆတ်ပြီး အာဟာရပြည့်ဝမှုရှိရန်လိုကြောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ မွေးမြူထားသည့် တိရစ္ဆာန်များကိုလည်း တိရစ္ဆာန်အစာများ စနစ်တကျ ကျွေးမွေးရန်နှင့် ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးဆောင်ရွက်ရာတွင် ကုသရေးပိုင်းနှင့် မွေးမြူရေးပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ကြရန်နှင့် တိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်မတော်သားများ၊ မိသားစုများအားလုံး စားရေရိက္ခာ လုံလောက်မှု ဖူလုံသည်အထိ၊ ၎င်းမှတစ်ဆင့် ပိုလျှံသည်အထိ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကာလအလိုက်၊ အပိုင်းအလိုက် စီမံချက်များ စနစ်တကျရေးဆွဲ ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/မွေးမြူရေးစခန်းရှိ နို့စားနွားများ မွေးမြူထားရှိမှုများနှင့် အမှတ်(၃) စိုက်ပျိုး/မွေးမြူရေး စခန်းရှိ Novogen Brown ဥစားကြက်၊ Evaporated Cooling System ဖြင့် အဆင့်မြင့် အသားတိုးဝက်နှင့် ကာကီကင်းဘဲ မွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ **တိုက်ကြီးမွေးမြူရေးဇုန်ကို မြေဧက ၂၁၀၁ ဒသမ ၀၄ ဧကပေါ်တွင် မွေးမြူရေးလုပ်ငန်းများ အပိုင်းအလိုက် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

❖ **မြေပြင်အသေးစိတ်တိုင်းတာခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လုပ်ကွက်များ သတ်မှတ်ပေးခြင်း၊ ရေအရင်းအမြစ်ရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး လက်ရှိအခြေအနေတွင် မွေးမြူရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ**

❖ **ဇုန်အတွင်း လုပ်ငန်းရှင်များက အသားစားကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ အသားစားကြက်၊ ဥစားကြက်၊ နို့စားနွား၊ အသားစားနွား၊ ဘဲ၊ မျိုးဘဲမ၊ ငုံး၊ ငန်း၊ ငါးနှင့် ဇီဝဓိုးငှက် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကိစ္စရပ်များအား နေ့ညမပြတ် ထူထောင်ဆောင်ရွက်လျက်ရှိ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများ ပေးအပ်ပွဲသို့ တက်ရောက်






နေပြည်တော် မေ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူများ၏ ဝန်ထမ်းမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် မေ ၂၂ ရက်တွင် စတင်ကျောင်းအပ်နှံရမည်ဖြစ်ကြောင်း၊ ကျောင်းစတင် အပ်နှံသည်နှင့် နိုင်ငံတော်အစိုးရက ကျောင်းသား ကျောင်းသူတစ်ဦးလျှင် သက်ဆိုင်ရာ အတန်းအလိုက် ဖတ်စာအုပ်(Text Book) အပြည့်အစုံ၊ လေ့ကျင့်ခန်း စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ခဲတံ၊ ဘောပင်များကို အခမဲ့ ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံကြေးအခြား အသုံးစရိတ် မည်သည့်စရိတ်မှ ပေးသွင်းရန် မလိုကြောင်း၊ ကျောင်းသားမိဘများ စိတ်ချမ်းသာစွာဖြင့် ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းတက်ရာတွင် စာကြိုးစားကြရန်နှင့် ပညာကို တတ်မြောက်အောင် သင်ကြားကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေး အမြဲကောင်းမွန်နေရန် လိုအပ်ပြီး ကျန်းမာမှ ကောင်းစွာ ပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ကျောင်းစာအပြင် အားကစား၊ အနုပညာ၊ အထွေထွေဗဟုသုတ စသည့်တို့ကိုလည်း တတ်မြောက်အောင် သင်ကြားလေ့ကျင့်သွားစေလိုကြောင်း၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာရန် မိဘများ၊ တာဝန်ရှိသူများက အမြဲတမ်းစောင့်ကြည့်ကြပ်မတ်ပံ့ပိုးပေးသွားရန် လိုအပ်ကြောင်း၊ မိမိ မိသားစုအတွက် လည်းကောင်း၊ နိုင်ငံအတွက် လည်းကောင်း အားကိုးအားထားပြုရမည့် ပညာတတ်များဖြစ်အောင် ရည်မှန်းချက်ထားကြိုးစားသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ၏ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီဘာရာအဆောက်အအုံများသို့ ပြောင်းရွှေ့နေရာချထားမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ဝန်ကြီးဌာန အင်ဂျင်နီယာအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သည့်ယာယီဘာရာအဆောက်အအုံများသို့ပြောင်းရွှေ့နေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



**ဖွင့်လှစ်ပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီဘာရာအဆောက်အအုံများတွင် နေထိုင်သည့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ သောက်ရေသန့်ရရှိရေးအတွက် ရေသန့်စက်နှင့် ကျောက်စိမ်းအိမ်ရာ ယာယီဘာရာအဆောက်အအုံအသစ်တို့ကို အမွှေးနံ့သာများ ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ယာယီအဆောက်အအုံများတွင်နေထိုင်ကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရေ၊ မီး၊ မိလ္လာများကို စည်းကမ်းရှိရှိ သုံးစွဲကြရန်၊ စွန့်ပစ်ပစ္စည်းများ သတ်မှတ်နေရာများ၌ စနစ်တကျ စွန့်ပစ်ကြရန်၊ မိုးရာသီကျရောက်လာပြီဖြစ်သည့်အတွက် ကူးစက်ရောဂါများ မဖြစ်ပွားစေရေး နေထိုင်စားသောက်မှုများကို ကျန်းမာရေး အသိ၊ သတိဖြင့် အထူးအလေးထား ပြုမူနေထိုင်ကြရန်၊ ယာယီအဆောက်အအုံအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီ နေထိုင်သွားကြရန်၊ ယာယီအဆောက်အအုံ ဧရိယာအတွင်း ရေမဝပ်စေရေးအတွက် ဆောင်ရွက်ထားရှိသည့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်သာယာလှပရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်စားသောက်နေမှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် အမှိုက်ကန်များ ဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံများ အပြီးသတ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ထမ်းများ ယာယီဘာရာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အတူ ယနေ့ညနေပိုင်းက ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ထမ်းများအတွက် တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရာ လိုင်းခန်းများ၌ ပြောင်းရွှေ့နေထိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ရောက်ရှိ၍ ဘက်စုံခြံအတွင်း သမဝါယမအသင်းစုပိုင်မြေပေါ်တွင် တိရစ္ဆာန်အစာတောင့်စက်ရုံတည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပျဉ်းမနားမြို့ မြောက်လွှတ်ကုန်းရှိ စက်ယန္တရား သိုလှောင်ရုံဝင်းအတွင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းရုံးမြေနေရာ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ကားပါကင်အတွင်း၊ ဝန်ကြီးဌာနပိုင်မြေနေရာတို့၌ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ငလျင်ဒဏ်သင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ နေထိုင်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ယာယီ ဘာရာလိုင်းခန်းများ၌ ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများနှင့် ရေ၊ မီး၊ မိလ္လာစနစ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ Prefabricated Modular House များ နေရာချထားမှုနှင့် တပ်ဆင်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒတ်ချ်နှင့် စင်ကာပူနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် စီးပွားရေးလုပ်ငန်းဖက်စပ်စာချုပ်အသစ်များ လက်မှတ်ရေးထိုး



**စင်ကာပူ မေ ၂၁**

ဒတ်ချ်နှင့် စင်ကာပူနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် နှစ်ဘက်ကုမ္ပဏီများအကြား စီးပွားရေးလုပ်ငန်း ဖက်စပ်စာချုပ်အသစ်များကို မေ ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနကဖော်ပြသည်။

နိုင်ငံနှစ်ခု၏ မဟာဗျူဟာကျတည်နေရာများကို အသုံးချ၍ ထိုသို့သော ဖက်စပ်မှုများကို တိုးချဲ့ရန် စင်ကာပူက ကတိကဝတ်ပြုထားကြောင်း ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးဝန်ကြီး ဂရေ့စ်ဖူက ရှင်းလင်းပြောကြားသည်။

အဆိုပါဖက်စပ်မှုအသစ်များတွင် စင်ကာပူဆော့ဖ်ဝဲကုမ္ပဏီတစ်ခုနှင့် ဒတ်ချ်မှုရင်းခရီးသွားအက်ပ် တစ်ခုအကြား ဆီမီးကွန်ဒတ်တာနှင့် ခရီးသွားလာရေးလုပ်ငန်းတို့နှင့် သက်ဆိုင်သော ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည်။

စင်ကာပူနိုင်ငံ ဖူလာတန်ဘေးဟိုတယ်တွင် ကျင်းပခဲ့သော ညစာစားပွဲအခမ်းအနားတွင် ဝန်ကြီးဖူက စင်ကာပူနှင့် နယ်သာလန်တို့ကြား ဆယ်စုနှစ်များစွာကတည်းကရှိခဲ့သော နက်ရှိုင်းသည့်စီးပွားရေးဆက်နွယ်မှုများကို အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

**Mon**




## အိန္ဒိယစာရေးဆရာမ ဘာနူမုရှ်တတ်နှင့် ဘာသာပြန်ဆရာ ဒီပါဘာစသီး နှလုံးသားမီးအိမ်ဝတ္ထုတို ပေါင်းချုပ်စာအုပ်ဖြင့် ဘွတ်ကာဆုချီးမြှင့်ခံရ

**ဒေလီ မေ ၂၁**

အိန္ဒိယစာရေးဆရာမ ဘာနူမုရှ်တတ်နှင့် ဘာသာပြန်ဆရာ ဒီပါ ဘာစသီးတို့သည် မေ ၂၀ ရက်တွင် နှလုံးသား မီးအိမ် အမည်ရှိ အိန္ဒိယတောင်ပိုင်းရှိ အမျိုးသမီးများ၏ နေ့စဉ်ဘဝနှင့် ရုန်းကန်မှုများကို ရေးဖွဲ့ထားသည့် ဝတ္ထုတိုပေါင်း ၁၂ ပုဒ်ပါဝင်သောစာအုပ်ဖြင့် ဘွတ်ကာဆုချီးမြှင့်ခံရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ တိတ်မော်ဒန်ခန်းမဆောင်၌ ကျင်းပသော အခမ်းအနားတွင် ဘုတ်ဆုအတွက် ထိုဆုကို ဆုရွေးချယ်ရေးအဖွဲ့ဝင် ငါးဦးပါအကဲဖြတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ စာရေးဆရာ မက်စ်ပေါ်တာက ကြေညာခဲ့သည်။

၎င်းသည်မှာ ဝတ္ထုတိုပေါင်းချုပ်များအတွက် ပထမဆုံးအကြိမ် ဆုချီးမြှင့်ခြင်းဖြစ်ပြီး ဘာစသီးသည် ၂၀၁၆ ခုနှစ်မှစတင်ခဲ့သော ၎င်းဆု၏ပထမဆုံးသော အိန္ဒိယဘာသာပြန် ဆရာနှင့် နဝမမြောက်အမျိုးသမီးဘာသာပြန်ဆရာဖြစ်သည်။ မုရှ်တတ်မှာမူ ထိုအချိန်မှစ၍ ဆုရရှိသော ဆဋ္ဌမမြောက်စာရေးဆရာမဖြစ်သည်။

အိန္ဒိယတောင်ပိုင်းတွင် အဓိကပြောဆိုသော ကန်နာဒါဘာသာဖြင့် ရေးသားထားသည့် ၎င်းစာအုပ်ကို စာရေးဆရာမက်စ်ပေါ်တာက "အခြေခံကျသော" ဘာသာပြန်မှုအဖြစ် ချီးကျူးပြောဆိုကာ ဂျူရီအဖွဲ့ဝင်များ၏ ဝတ္ထုတိုများအပေါ် တိုးတက်လာသော နားလည်မှုကို နားထောင်ရသည်မှာ "ပျော်စရာကောင်းသောအရာ" ဖြစ်သည်ဟု ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## အနာဂတ်တွင် ကပ်ရောဂါများအတွက် ကြိုတင်ပြင်ဆင်မှုများ မြှင့်တင်ရန် ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ သဘောတူညီ

**ဂျီနီဗာ မေ ၂၁**

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများသည် အနာဂတ်တွင် ကပ်ရောဂါများအတွက် ကြိုတင်ပြင်ဆင်မှုများ မြှင့်တင်ရန် ရည်ရွယ်သည့် သဘောတူညီချက်တစ်ရပ်ကို အတည်ပြုလိုက်ကြသော်လည်း အမေရိကန်ပြည်ထောင်စု ပါဝင်ခြင်းမရှိသည့်အတွက် ၎င်းစာချုပ်၏ ထိရောက်မှုနှင့်ပတ်သက်၍ သံသယများရှိနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သုံးနှစ်ကြာ ညှိနှိုင်းဆွေးနွေးမှုများအပြီးတွင် ၎င်းဥပဒေအရ လိုက်နာရမည့် သဘောတူညီချက်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံက အတည်ပြုရာ အဖွဲ့ဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက လက်ခုပ်သံများဖြင့် ကြိုဆိုခဲ့ကြသည်။

ယင်းစာချုပ်သည် ကိုဗစ် ၁၉ ကပ်ရောဂါကာလအတွင်း ဖြစ်ပွားခဲ့သည့် မညီညွတ်သော တုံ့ပြန်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ရှုပ်ထွေးမှုများကို နောင်တွင် ထပ်မံမဖြစ်ပွားစေရန် အနာဂတ်ကပ်ရောဂါများအတွင်း ညှိနှိုင်းဆောင်ရွက်မှု၊ ကြိုတင်စောင့်ကြည့်ရေးနှင့် ဆေးဝါးများရရှိမှုတို့ကို မြှင့်တင်ရန်ရည်ရွယ်သည်။

"ကျွန်ုပ်တို့၏အဖွဲ့ဝင်နိုင်ငံများ၏ ဦးဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သမိုင်းဝင်ကပ်ရောဂါစာချုပ်ကို အတည်ပြုနိုင်ခဲ့သည့်အတွက် ကမ္ဘာကြီးသည် ယနေ့ ပိုမိုဘေးကင်းလာပါသည်" ဟု ယင်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြကြောင်း သိရသည်။

**Mon**



တရုတ်နိုင်ငံ ကွီကျိုးပြည်နယ်တစ်နေရာရှိ အဝေးပြေးလမ်းပိုင်း လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် မောင်းသူမဲ့လမ်းခင်းစက်နှင့် အလိုအလျောက်လိမ့်စက် ၆ စီးလုပ်ငန်း ဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိန္ဒိယနိုင်ငံရှိ ခရိုင်များ၏ ၆၀ ရာခိုင်နှုန်းနီးပါး အလွန်မြင့်မားသော အပူဒဏ်အန္တရာယ်နှင့် ရင်ဆိုင်နေရ

**ဒေလီ မေ ၂၁**

အိန္ဒိယနိုင်ငံရှိ ခရိုင်များ၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် "အလွန်မြင့်မားသော အပူဒဏ်အန္တရာယ်"နှင့် ရင်ဆိုင်နေရပြီး ထိုခရိုင်များတွင် လူဦးရေ၏ လေးပုံသုံးပုံနေထိုင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါအချက်ကို နယူးဒေလီအခြေစိုက် သုတေသီများက ရာသီဥတု၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အချက်အလက်များကို ဆန်းစစ်ကာ အပူအန္တရာယ်အဆင့်ကို တွက်ချက်ပြီးနောက် ဖော်ထုတ်နိုင်ခဲ့သည်။

"အိန္ဒိယနိုင်ငံ၏ ခရိုင်များ၏ ၅၇ ရာခိုင်နှုန်းတွင် လူဦးရေ၏ ၇၆ ရာခိုင်နှုန်းနေထိုင်ပြီး ယခုအခါ အပူအန္တရာယ်အဆင့် အလွန်မြင့်မားနေသည်" ဟု လေ့လာမှုတစ်ခုက ဖော်ပြခဲ့သည်။

အထူးသဖြင့် မြို့တော်နယူးဒေလီသည် အပူအန္တရာယ်အမြင့်ဆုံးဒေသများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

**Mon**



# STOP AIDS

## ဂျပန် ပြည်ပပို့ကုန်များ၂ ရာခိုင်နှုန်း တိုးတက်လာသော်လည်း အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုများ ကျဆင်းခဲ့

**တိုကျို မေ ၂၁**

ဂျပန်နိုင်ငံ၏ ပြည်ပပို့ကုန်များသည် ဧပြီလတွင် ယခင်နှစ်ကထက် ၂ ရာခိုင်နှုန်းတိုးတက်လာသော်လည်း အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုများကျဆင်းခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ အားနည်းနေသော စီးပွားရေး ပြန်လည်နာလန်ထူမှုအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကုန်သွယ်ခွန်များက သက်ရောက်မှုရှိနိုင်ကြောင်း အချက်အလက်များက ဖော်ပြသည်။

ဂျပန်နိုင်ငံသည် နှစ်ဖက်ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် ကုန်သွယ်ခွန်များလျှော့ချရန် သို့မဟုတ် ပပျောက်စေရန် ထရမ့်ကိုစည်းရုံးနိုင်မှသာလျှင် အမေရိကန်၏ ကုန်သွယ်ခွန်များကြောင့် ပြည်ပပို့ကုန်များအပေါ် သက်ရောက်မှုမှာ ယခုနှစ်နှောင်းပိုင်းတွင် ပိုမိုဆိုးရွားလာမည်မဟုတ်ကြောင်း ဆန်းစစ်သူများက မျှော်မှန်းထားသည်။

စုစုပေါင်းပြည်ပပို့ကုန်တိုးတက်မှုနှုန်းမှာ ယခုနှစ်အတွက် အလယ်အလတ်ခန့်မှန်းချက်နှင့် ကိုက်ညီပြီး မတ်လက ၄ ရာခိုင်နှုန်းမှ နှေးကွေးလာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ အကြီးဆုံးပြည်ပပို့ကုန်ဈေးကွက်ဖြစ်သော အမေရိကန်သို့ တင်ပို့မှုများမှာ ဧပြီလတွင် ယခင်နှစ်ကထက် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။



ယန်းငွေတန်ဖိုး မြင့်တက်မှုနှင့် အဆင့်မြင့်ကားများ တင်ပို့မှုလျော့နည်းခြင်းတို့ကြောင့် အမေရိကန်သို့ ကားတင်ပို့မှုများမှာ ဧပြီလတွင် ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း စုစုပေါင်းကားတင်ပို့မှုပမာဏမှာ ၁၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဈေးနှုန်းသက်သာသော ကားများတင်ပို့မှု တိုးတက်လျက်ရှိကြောင်း သိရသည်။

**Mon**

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၂၁

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် မေ ၅ ရက်မှ ၁၂ ရက်အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအခါ မေ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် Singapore Lotus Charity Society တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လည်းကောင်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်းများကို နေပြည်တော်အတွင်းရှိ လိုအပ်သည့် ဝန်ကြီးဌာနများသို့လည်းကောင်း လွှဲပြောင်းထောက်ပံ့ပေးခဲ့သည်။ **စာမျက်နှာ ၁၀ သို့ ✻**



နေပြည်တော်ကောင်စီ နယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



မလေးရှားနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



Singapore Lotus Charity Society မှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ နေပြည်တော်သို့ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




## နည်းပြ ယာဂန်ကလော့ပ် ရိုးမားအသင်းအား ကိုင်တွယ်မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ဟု အေးဂျင့်ဖြစ်သူအတည်ပြု




**လန်ဒန် မေ ၂၁**

လီဗာပူးအသင်းနည်းပြဟောင်း ယာဂန်ကလော့ပ် ရိုးမားအသင်းအား ကိုင်တွယ်မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အေးဂျင့်ဖြစ်သူ ဆစ်ကီက အတည်ပြုပြောကြားခဲ့သည်။

နည်းပြ ယာဂန်ကလော့ပ်သည် လာမည့် ဘောလုံးရာသီသစ်တွင် ရိုးမားအသင်းအား နည်းပြအဖြစ် ဆောင်ရွက်တော့မည်ဟု အီတလီသတင်းစာ La Stampa က ဖော်ပြခဲ့သော်လည်း အဆိုပါ သတင်းများသည် ကောလာဟလသာဖြစ်ခဲ့သည်။

နည်းပြ ယာဂန်ကလော့ပ်သည် ပြီးခဲ့သည့် ၂၀၂၄ခုနှစ် မေလ ၃၁ရက်ကတည်းက လီဗာပူးအသင်းနှင့် လမ်းခွဲပြီးနောက် မည်သည့်အသင်းကိုမျှ ကိုင်တွယ်ခဲ့ခြင်းမရှိသေးဘဲ လက်ရှိအချိန် ရက်ဘူးလ်ရဲ့ ကမ္ဘာ့လုံးဆိုင်ရာ ဘောလုံးအကြီးအကဲအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အေးဂျင့်ဖြစ်သူ ဆစ်ကီက "နည်းပြ ယာဂန်ကလော့ပ် ရိုးမားအသင်းအား ကိုင်တွယ်မယ်ဆိုတဲ့ သတင်းတွေက ကောလာဟလတွေပါ။ကျွန်တော်တို့ဆီကို လက်ရှိ အချိန်အထိ မည်သည့်အသင်းရဲ့ ကမ်းလှမ်းမှုမျှမရှိသေးပါဘူး" ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

## နာသန်ကောလင်း ဘရန့်ဖို့ဒ်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၂၁**

နောက်ခံကစားသနား နာသန်ကောလင်းအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဘရန့်ဖို့ဒ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား နာသန်ကောလင်းသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။




ဘရန့်ဖို့ဒ်အသင်းထုတ်ပြန်ချက်တွင် "နာသန်ကောလင်း အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)






## နည်းပြ ရက်ဆဲလ်မာတင်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် လက်စတာစီးတီးအသင်း ဆွေးနွေး

**လီဆက်စတာ မေ ၂၁**

ပရီးမီးယားလိဂ်မှ တန်ဆင်းခဲ့ရသည့် လက်စတာစီးတီးအသင်းသည် လက်ရှိအသင်း နည်းပြနစ္စတယ်ရှိုင်းအား ရာထူးမှ ထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် နည်းပြ ရက်ဆဲလ်မာတင်အား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြ ရက်ဆဲလ်မာတင်သည် အသင်းနည်းပြဘဝတွင် ဆွမ်ဆီး၊ ဆောက်သမ်တန်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာလည်း ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လက်စတာစီးတီးအသင်းက နည်းပြ သစ်အဖြစ်ခန့်အပ်ရန် ဆွေးနွေးလာခြင်း ဖြစ်သည်။

နည်းပြ ရက်ဆဲလ်မာတင်က လည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် လက်စတာစီးတီးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြ ရက်ဆဲလ်မာတင်အား လက်စတာစီးတီးအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဒီဘရိုင်း၏ နှုတ်ဆက်ပွဲအခမ်းအနား မန်ချက်စတာစီးတီးအသင်းပြုလုပ်

**မန်ချက်စတာ မေ ၂၁**

မန်ချက်စတာစီးတီးအသင်းသည် အသင်းမှ ထွက်ခွာတော့မည့် ဝါရင့်ကွင်းလယ်ကစားသမား ဒီဘရိုင်း၏ နှုတ်ဆက်ပွဲအခမ်းအနားအား ယနေ့ နံနက်ပိုင်းက ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်မတိုင်မီ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ကစားသမားဘဝအား ၁၀စုနှစ်တစ်ခုအကြာ ဖြတ်သန်းခဲ့ပြီး အောင်မြင်မှုဆုဖလားပေါင်းများစွာနှင့် ပြိုင်ပွဲစုံ ၄၂၁ပွဲကစားပြီး ၁၀၈ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဒီဘရိုင်းက "ကျွန်တော်အခုလို နှုတ်ဆက်ပွဲအခမ်းအနားပြုလုပ်ပေးလို့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ မန်ချက်စတာစီးတီးအသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကိုလည်း သတိရနေမှာပါ" ဟု ပြောသည်။ (ဝဲပုံ)

ထို့ကြောင့် ဒီဘရိုင်းအား လာမည့် ဘောလုံးရာသီသစ်တွင် မည်သည့်အသင်း ကစားသမားအဖြစ် မြင်တွေ့ရမည်လဲဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ (NGB)




## ဂွီမာရေ့စ်အား ယူရိုသန်း ၁၂၀ ဖြင့် ခေါ်ယူရန် အယ်လ်အစ်တီဟတ်အသင်း ဆွေးနွေး

**လန်ဒန် မေ ၂၁**

ဆော်ဒီကလပ် အယ်လ်အစ်တီဟတ်အသင်းသည် နယူးကာဆယ် အသင်း ကွင်းလယ်ကစားသမား ဂွီမာရေ့စ်အား ယူရို သန်း ၁၂၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၂ပွဲ ကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်အစ်တီဟတ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း ဂွီမာရေ့စ်အတွက် အယ်လ်အစ်တီဟတ်အသင်း၏ မြင့်မားသည့်လစာငွေဖြင့် ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (အောက်ပုံ)

ထို့ကြောင့် အယ်လ်အစ်တီဟတ်အသင်းအနေဖြင့် နယူးကာဆယ်အသင်းထံမှ ဂွီမာရေ့စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## နည်းပြ ဂလက်စ်နာအား စာချုပ်သက်တမ်းတိုးရန် ခရစ္စတယ်ပဲလေ့စ်အသင်း စီစဉ်

**လန်ဒန် မေ ၂၁**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းနည်းပြ ဂလက်စ်နာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နည်းပြသည် ယခုနှစ်ဘောလုံးရာသီတွင် ခရစ္စတယ်ပဲလေ့စ်အသင်းအား အက်ဖ်အေဖလား ချန်ပီယံဆု ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂလက်စ်နာသည် ခရစ္စတယ်ပဲလေ့စ်အသင်းအား ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲပွဲ ၆၀တွင် ၂၉ပွဲနိုင်၊ ၁၆ပွဲသရေ၊ ၁၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဂလက်စ်နာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)




## ဘောလုံးသတင်းအတိုအထွာများ

* မန်ချက်စတာယူနိုက်တက်အသင်းသည် အစ်ဆွစ်ချ်အသင်းကစားသမား ဒီလပ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

* ရီးရဲလ်မက်ဒရစ်အသင်းသည် ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကိုဝီလီယံအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## 2025 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Paula Badosa တက်ရောက်

**ပါရီ မေ ၂၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်မယ် Paula Badosa တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်မယ် Paula Badosa သည် 2025 Internationaux de Stras bourg တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ချက်တင်းနစ်မယ် Marie Bouzkova အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် Paula Badosa နှင့် ရုရှားတင်းနစ်မယ် Liudmila Samsonova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း ညောင်ဦးမြို့နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးနှင့်တာဝန်ရှိသူများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် စည်ပင်ပန်းခြံအတွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ အဆောက်အအုံအထူးအဖွဲ့(၇)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော (ပေ ၁၅၀×၉၆ ပေ) ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမအဆောက်အအုံအသစ်တည်ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ မြို့တော်ဝန်အား အဆောက်အအုံအထူးအဖွဲ့(၇) ညွှန်ကြားရေးမှူး ဦးလှမိုးဇော်၊ ဒေါ်ခင်သန်းဆင့်တို့က မြို့နယ်ခန်းမတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ခတို့က မြို့နယ်ဘက်စုံသုံးခန်းမတည်ဆောက်ရေးပြီးစီးမှု အခြေအနေ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် သန့်ရှင်းရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

မြို့တော်ဝန်က ခန်းမ အဝင်အထွက် ကွန်ကရစ်လမ်းများ တည်ဆောက်ပြီးစီးရေး၊ ပန်းခြံအတွင်း မြေယာရှုခင်းအလှရောင်စုံပန်းအလှပင်များ စိုက်ပျိုးရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းအောင်ဆောင်ရွက်ရေး၊ ခန်းမအတွင်း လျှပ်စစ်မီးတပ်ဆင်ပြီးစီးရေးကိစ္စရပ်များနှင့် အချောသပ်လုပ်ငန်းများအား ခန်းမကြီးပြီးစီးမည့် ဇွန်လကုန်အပြီး ဆောင်ရွက်ကြရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိအား ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ခန်းမတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လျှပ်စစ်မီးနှင့်အသံပိုင်းဆိုင်ရာကိစ္စရပ်များ၊ အရေးကြီးပုဂ္ဂိုလ်နားနေခန်း၊ မြန်မာမှုရှေးဟောင်းပုဂံပုံရိပ်ပါဝင်သည့် ပုဂံမြို့သူ၊ ပုဂံမြို့သားပုံစံလက်ရာများနှင့် ခန်းမကြီးသတ်မှတ်ဆေးရောင်အား ဆေးသုတ်ခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုပြောကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ညောင်ဦးမြို့ အနော်ရထာလမ်းမိုင်တိုင်(၂/၄ နှင့် ၂/ ၅)၊ (၂/၅ နှင့် ၂/၆)အတွင်းတို့၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏(CSR)ရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် Box Culvert(၂)စင်းနှင့်တွဲလျက် မြေကာနံရံတည်ဆောက်ခြင်းဆောင်ရွက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက အနော်ရထာလမ်းဖြတ် ရေသွားလမ်း(၇)ပေအကျယ် Box Culvert နှင့်တွဲကာ (၁၀ ပေ× ၄၄ ပေ×၅ ပေ)အတိုင်းအတာရှိ မြေကာနံရံတည်ဆောက်ပြီးစီးမှု အခြေအနေအား ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က ညောင်ဦးမြို့ အနိမ့်ပိုင်းရပ်ကွက်နေရာများ၌ ရေဝပ်၊ ရေလျှံမှုများ မဖြစ်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ရေနုတ်မြောင်းများ တစ်ဆက်တစ်စပ်တည်း ထပ်မံတူးဖော်ဆောင်ရွက်သွားရေးကိစ္စရပ်များ ဖြည့်စွက်မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမုခ်ဦးကြီးအနီး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အမြင့်ပေ ၃၀ ရှိ ဂါလန် ၁၅၀၀၀ ဆံ့ ရေစင်ကြီးတည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ အလျားပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၃၅ ပေရှိ သံကူကွန်ကရစ်ရေစင်ကြီးတည်ဆောက်ပြီးဖြစ်၍ ရေအရင်းအမြစ်ငှက်ပစ်တောင်ရေစုရေလှောင်ကန်မှတစ်ဆင့် ၄၅ ကီလိုဝပ် မော်တာ ၄ ထပ်ပန့်ဖြင့် တစ်နာရီလျှင် ဂါလန် ၂၀၀၀၀ နှုန်းဖြင့် အချင်း ၄ လက်မပိုက်လိုင်းဖြင့် အဆိုပါဂါလန် ၁၅၀၀၀ ဆံ့ ရေစင်ကြီးသို့ ပို့လွှတ်ကာ ထိုမှတစ်ဆင့် ပုဂံမြို့ အမှတ်(၆) အောင်မြေသာရပ် ရေတိုင်ရေမီတာ ၆၃ လုံး၊ လေဆိပ်လမ်းနှင့် လမ်းဆုံယဉ်ကျေးမှုမုခ်ဦးကြီး၊ ညောင်ဦး-ကျောက်ပန်းတောင်းအဝင်လမ်း တစ်လျှောက် မြက်နှင့် ပန်းအလှပင်များအတွက် ရေဖျန်းခြင်းစသည်တို့ အကျိုးပြုရေပေးဝေနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အဆိုပါရေစင်ဝင်းအတွင်းရှိ ယခင်ကျေးလက်ရေပေးရေးဌာနမှ အသုံးမပြုတော့သည့် ဂါလန် ၅၀၀၀၀ ဆံ့ ရေလှောင်ကန်အောက်ခြေနှင့် ရေလှောင်ကန်နံရံများ ရေယိုစိမ့်ပျက်စီးမှု အခြေအနေအား ကြည့်ရှုကာ ပြန်လည်ပြုပြင်၍ အသုံးပြုရန် ကိစ္စများအား မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











## ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဆွေးနွေးပွဲ ကျင်းပ

**မိုင်းပျဉ်း မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်တွင် အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဆွေးနွေးပွဲနောက်ဆုံးနေ့ကို မေ ၂၀ ရက် နံနက် ၉ နာရီက စတင်၍ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ထိုကဲ့သို့ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆွေးနွေးပွဲကို အလယ်တန်းအဆင့်၊ G-6 အတန်းရှိ ဘာသာရပ်များအား သင်တန်းနည်းပြ ခြောက်ဦး၊ သင် တန်းသားဆရာ၊ ဆရာမ ၅၄ ဦး တို့ဖြင့်လည်းကောင်း၊ မူလတန်း အဆင့် KG , G-1, G-2, G-3, G-4 အတန်းရှိ ဘာသာရပ်များအား သင်တန်းနည်းပြ ၁၀ ဦး နှင့် သင်တန်းသားဆရာ၊ ဆရာမ ၁၁၈ ဦးတို့ဖြင့်လည်းကောင်း ဆွေးနွေးပို့ချခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆွေးနွေးပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး မိုင်းပျဉ်းမြို့နယ်ရှိ အခြေခံပညာအလယ်တန်းနှင့်မူလတန်းဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

သတင်း-စာမျက်နှာ ၁၂



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး မေ ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း စတုတ္ထကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ၆ ထပ်ဆောင် မြေညီထပ်တွင် ပြုလုပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

စတုတ္ထကြိမ် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် ၄၀၀ စည်း၊ ချဉ်ပေါင်ရွက် ၃၀ စည်း၊ ဘူးသီး ၁၀၀ လုံး၊ ငရုတ်သီး ၁၃ ထုပ်၊ ဘူးညွန့် ၅၀ စည်း၊ သရက်သီး ၃၀၀ လုံး ပျဉ်းတော်သိမ် ၃၀ စည်းတို့ကို ဈေးနှင့်သားသတ်ဌာနရှိ ဝန်ထမ်း ၃၀ ဦး၊ ရေနှင့်သန့်ရှင်းမှုဌာန ရှိ ဝန်ထမ်း ၂၂၇ ဦး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ ဝန်ထမ်း ၁၄၂ ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေ ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် ဆိုင်းဘုတ်များ စိုက်ထူ

**သာစည် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိစေရန် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် ဆိုင်းဘုတ်များ စိုက်ထူခြင်းကို မေ ၂၀ ရက် နံနက် ၇ နာရီက မိတ္ထီလာ-တောင်ကြီးကားလမ်းမဘေး၊ သာစည်မြို့ မော်တော်ယာဉ်လမ်းဆုံမီးပွိုင့်အနီးနှင့် မြို့မဈေးကြီးအနီးတို့၌ ပြုလုပ်ခဲ့သည်။



အဆိုပါ ဆိုင်းဘုတ်တွင် "ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟု ပါရှိပြီး ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ဖြစ်သည်။

ဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင် များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် ပညာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ (၄၈၇)

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွင်း မိုးမြေပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြည်တွင်းစားသုံးဆီ ဖူလုံပြီး ပြည်ပတင်သွင်းမှုလျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံမျိုးစုံ ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွင်း မိုးမြေပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ မြေပဲကို မိုးမြေပဲနဲ့ ဆောင်းမြေပဲ ဒေသအခေါ် စကပဲတို့ စိုက်ပျိုးကြပါတယ်။ မိုးမြေပဲကို ဆောင်းမြေပဲအတွက် မျိုးအဖြစ် အဓိကစိုက်ပျိုးကြပြီး ဒီနှစ် မိုးမြေပဲ စိုက်ပျိုးဖို့ ၇၂၂၃ ဧက လျာထားကာ မေလဆန်းမှ စတင်စိုက်ပျိုးကြပါတယ်။ တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးမြေပဲစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊သဘာဝမြေသြဇာ၊ ပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲနည်းများ အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ ၇၂၂၃ ဧက၊ နှမ်းဧက ၂၀၊ နေကြာ ၇၁ ဧက၊ စုစုပေါင်း ၇၃၁၄ ဧက စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။ (၄၈၀)

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းယန်း မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁ ဒသမ ၄၉၃ သန်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဆင်းပွဲကို မေ ၂၀ ရက် မွန်းလွဲပိုင်းက မိုင်လွေကျေးရွာအုပ်စု၊ ပန်ဆောင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးပြုကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

အဆိုပါ သဘာဝမြေသြဇာ ထုတ်လုပ်နည်းသင်တန်းကို မိုင်းယန်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းနှင့် ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက စာတွေ့၊ လက်တွေ့ကို မေ ၁၈ ရက်မှ မေ ၂၀ ရက်အထိ သုံးရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးထံမှ သိရသည်။ **(အောက်ပုံ) (၀၄၀)**



သင့်သွေးဖြင့် အသက်ကယ်ပါ။

# လျှပ်စစ်စွမ်းအင်ဖြစ်ပေါ်လာပုံနှင့် ရှာဖွေတွေ့ရှိမှုများ





လျှပ်စစ်စွမ်းအင်၏အကြောင်းကို နားမလည်စဉ် ရှေးပဝေသဏီကပင် လျှပ်စစ်ငါးဟုခေါ်သည့် လျှပ်စစ်စက်ကွင်းကို ရုတ်တရက် ထုတ်လွှတ်နိုင်သည့် ငါးမှတစ်ဆင့် Electric Shock ကို လူသားတို့ သိရှိနားလည် ခံစားခဲ့ကြသည်။ ဘီစီ ၂၇၅၀ တွင် တွေ့ရှိရသော ရှေးဟောင်း အီဂျစ်လူမျိုးတို့၏ မှတ်တမ်းမှတ်ရာများတွင် လျှပ်စစ်ငါးတို့ကို နိုင်းမြစ်ဝှမ်းမှ မိုးကြိုးပစ်ငါးများဟု ဖော်ပြထားသည်။ ထိုငါးများကို ငါးအပေါင်းတို့၏ ဘုရင်ဟုလည်း တင်စားထားကြသည်။ ထိုလျှပ်စစ်ငါးများနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများကို ရှေးခေါ်မ မှတ်တမ်းများတွင်လည်းကောင်း၊ ရောမမှတ်တမ်းများတွင်လည်းကောင်း၊ အာရေဗျမှတ်တမ်းများတွင်လည်း တွေ့မြင်နိုင်သည်။ မြေထဲပင်လယ်ခေတ်ဝန်းကျင်တွင်ရှိခဲ့သော တချို့သော လူ့အဖွဲ့အစည်းများသည် ဖန်ချောင်းဖြင့် သိုးမွေးကို ပွတ်တိုက်ခြင်းဖြင့် တည်ငြိမ်လျှပ်စစ်ရနိုင်ကြောင်းကိုလည်း သိရှိခဲ့ကြသည်။ ဂရိအတွေးအခေါ်ပညာရှင် Tharies သည် တည်ငြိမ်လျှပ်စစ်နှင့်ပတ်သက်၍ စမ်းသပ်မှုအမျိုးမျိုးကိုပြုလုပ်ခဲ့ကာ ပွတ်တိုက်အားသည် ပယင်းကို သံလိုက်အဖြစ်သို့ ပြောင်းလဲပေးသည်ဟု တွေးခေါ်ယူဆခဲ့လေသည်။

ပွတ်တိုက်မှုကြောင့် ဖန်ချောင်းသည် သံလိုက်ဖြစ်လာသည်ဟူ၍ ယူဆသော Tharies ၏ အယူအဆသည် မှားခဲ့သော်ငြားလည်း နောက်ပိုင်းတွင် သံလိုက်နှင့်လျှပ်စစ်တို့ ဆက်စပ်မှုရှိသည်ဟူသော သီအိုရီများအား သက်သေများနှင့်တကွ ပေါ်ထွက်လာစေခဲ့လေသည်။ ၁၉၃၆ တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနီးရှိ Ctesiphon ရှေးဟောင်းတူးဖော်ရေးဆိုက်တွင် တွေ့ရှိခဲ့သော Baghdad Battery များကို သုံးသပ်ခြင်းအားဖြင့် ရှေးဟောင်း ပါးရှန်းလူမျိုးများသည်လည်း ရွှေရည်စိမ်ခြင်း Electroplating ကို တတ်ကျွမ်းသည်ဟု ယူဆရသည်။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်ပြီး ခရစ်နှစ် ၁၆၀၀ပြည့်နှစ်လောက်အထိ မည်သူမျှ တိတိကျကျ ရေရေရာရာ မလေ့လာနိုင်ခဲ့ပေ။ ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်လောက်တွင်မှ အင်္ဂလိပ်ဆရာဝန် William Gilbert သည် လျှပ်စစ်နှင့် သံလိုက်ကို စတင်လေ့လာခဲ့ကာ Loadstone Effect နှင့် ပယင်းနှင့်သိုးမွေးပွတ်တိုက်မှုကြောင့်ဖြစ်သော တည်ငြိမ်လျှပ်စစ်တို့သည် မတူညီကြောင်းကို ခွဲခြားပြသခဲ့သည်။ Dr. Gilbert ရှာဖွေတွေ့ရှိသော တည်ငြိမ်လျှပ်စစ်သည် ပယင်းကို ပွတ်တိုက်သောအခါတွင် ယင်းတည်ငြိမ်လျှပ်စစ် ဖြစ်ပေါ်သည့်အတွက် လျှပ်စစ်ကို လက်တင်ဘာသာဖြင့် ပယင်းနှင့် တူသောအရာ Electricus ဟု Dr.Gilbert မှ စတင်နာမည်ပေးခဲ့ကာ ထိုမှတစ်ဆင့် အင်္ဂလိပ်ဘာသာဖြင့် Electric ဟု ခေါ်ဝေါ်လာခဲ့ခြင်း ဖြစ်လေသည်။

ထို့နောက်ပိုင်း ၁၇ ရာစုမှ ၁၈ ရာစုဦးအထိ Otto von Guericke၊ Robert Boyle၊ Stephen Gray၊C. F. du Fay စသော ပညာရှင်များသည် ဆက်လက်လေ့လာခဲ့ကြသည်။ ၁၈ ရာစုတွင် Benjamin Fran- klin သည် ရှိသမျှကို ရောင်းချပေါင်နှံကာ အရင်းပြုပြီး လျှပ်စစ်နှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။ ၁၇၅၂ ခုနှစ်၊ ဇွန်လတွင် ဖရန်ကလင်းသည် စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့သည်။ ယင်းစမ်းသပ်မှုနှင့်ပတ်သက်ပြီးလည်း နာမည်ကြီးခဲ့သည်။ ဖရန်ကလင်းသည် စိုစွတ်နေသော စွန်တစ်ခု၏ကြိုးတွင် သော့တစ်ချောင်းကို တပ်ဆင်ကာ မိုးတိမ်ရှိရာသို့ လွှတ်တင်ခဲ့သည်။ မီးပွားများသည် ဆက်ခါဆက်ခါ စိုစွတ်သော ကြိုးမှတစ်ဆင့် သော့သို့လည်းကောင်း၊ ထို့နောက် လက်သို့လည်းကောင်း ကူးလာသည်။ တစ်နည်းအားဖြင့် Short Circuit ဖြစ်လာခြင်းပင် ဖြစ်သည်။ ယင်းနည်းဖြင့် ဖရန်ကလင်းသည် လျှပ်စီးလက်ခြင်းသည် တည်ငြိမ်လျှပ်စစ်ဖြစ်ကြောင်းကို အတည်ပြုနိုင်ခဲ့သည်။ ၁၇၈၁ ခုနှစ်တွင် Luigi Galvani သည် Bioelectricity ကို ရှာဖွေတွေ့ရှိခဲ့သည်။ နာဗ်ဆဲလ် (Nerve Cells) များမှ ကြွက်သား (Muscles) များသို့ အချက်ပြသတင်းပေးပို့ရာတွင် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကို Bioelectricity ဟုခေါ်သည်။ Alessandro Volta သည် ခရစ်နှစ် ၁၈၀၀ ပြည့်နှစ်လောက်တွင် ကြေးနီ (Copper) နှင့် သွပ်(Zinc) များကို အသုံးပြုခြင်းအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်သော ပင်မဓာတ်အိုး (Primary Cell) အမျိုးအစားဖြစ်သည့် ဗိုလတိတ်ဓာတ်အိုး (Volta Cell) ကို တီထွင်ခဲ့သည်။ လျှပ်စစ်သံလိုက် (Electromagnetism) သီအိုရီကို ၁၈၁၉ ခုနှစ်နှင့် ၁၈၂၀ ပြည့်နှစ်ဝန်းကျင်တွင် Hans Christian Orsted နှင့် အင်ဒရီးမယ်ရီအမ်ပီယာတို့က ဖော်ထုတ်ခဲ့သည်။ မိုက်ကယ်ဖာရာဒေးသည် ၁၈၂၁ ခုနှစ်တွင် လျှပ်စစ်မော်တာ (Electric Motor)ကို တီထွင်ခဲ့သည်။ ဂျော့ဆိုင်မွန်အုမ်းသည် သင်္ချာနည်းဖြင့် လျှပ်စစ်ပတ်လမ်း (Electric Circuit) များကို သရုပ်ခွဲနိုင်သည့် အုမ်းဥပဒေ (Ohm's Law) ကို ၁၈၂၇ ခုနှစ်တွင် ဖော်ထုတ်ခဲ့သည်။ ဂျိမ်းစ်မက်စ်ဝဲသည် ၁၉၆၁ ခုနှစ် ဝန်းကျင်လောက်တွင် လျှပ်စစ် (Electricity)၊ အလင်း (Light)နှင့် သံလိုက် (Magnet) တို့၏ ဆက်စပ်မှုကို ဖော်ထုတ်ခဲ့သည်။ ၁၉ ရာစုလောက်တွင်တော့ လျှပ်စစ်ဓာတ်အားကို ပညာရှင်တော်တော်များများက ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့ကြသည်။ လျှပ်စစ်ဓာတ်အား(ဝါ)လျှပ်စစ်စွမ်းအင် (Electricity) သည် ပွတ်တိုက်မှုအားကြောင့်သော်လည်းကောင်း၊ လျှပ်စစ်သံလိုက် ညှို့ခြင်းကြောင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်ခုခုမှ အသွင်ပြောင်း၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်နိုင်သည်။ လျှပ်စစ်နှင့်သက်ဆိုင်သော ဖြစ်စဉ်များကို ရှေးပဝေသဏီမှ စတင်ကာ လေ့လာခဲ့ကြသော်လည်း ၁၇ ရာစုနှင့် ၁၈ ရာစုလောက်မှသာ သိပ္ပံနည်းကျ ဖြေရှင်းနိုင်ခဲ့သည်။ လက်တွေ့အသုံးချ လျှပ်စစ်ဓာတ်အားကိုမူ ၁၉ရာစု နှောင်းပိုင်းတွင်မှ ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိခဲ့ကာ လူနေအိမ်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုခဲ့ကြသည်။တစ်ဟုန်ထိုးတိုးတက်ခဲ့သော လျှပ်စစ်နှင့်သက်ဆိုင်သည့် နည်းပညာများကြောင့် လူ့အဖွဲ့အစည်းများ၏ လူနေမှုအဆင့်အတန်းများနှင့် စက်မှုလုပ်ငန်းများလည်း များစွာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ယနေ့တွင်တော့ လျှပ်စစ်စွမ်းအားသည် လူသားတို့ နေ့စဉ် ရှင်သန်နေထိုင်ရာ ဘဝတွင် လွန်စွာအဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာနေပါသည်။ လျှပ်မှုန်များသည် အက်တမ်ထက် သေးငယ်သောအမှုန်များ (Subatomic Particles) များပင်ဖြစ်သည်။ ၄င်းအမှုန်များသည် အခြေခံအားကြီးလေးမျိုး (Four Fundamental Forces) မှ လျှပ်စစ်သံလိုက်အား (Electromagnetic Force) နှင့် အပြန်အလှန် အကျိုးသက်ရောက်နေသည်။ ထင်ရှားသော လျှပ်မှုန်များမှာ ပရိုတွန်၊ နျူထရွန်နှင့် အီလက်ထရွန်တို့ဖြစ်ပြီး ယင်းတို့အားလုံးကို အက်တမ်တိုင်းတွင် တွေ့ရှိရသည်။ လျှပ်မှုန်များသည် ပစ္စည်းတစ်ခုမှတစ်ခုသို့ တိုက်ရိုက်သော်လည်းကောင်း၊ လျှပ်ကူးပစ္စည်း (Conductor) များမှ တစ်ဆင့်သော်လည်းကောင်း၊ ဗို့တင်ရှယ်များရာမှ နည်းရာသို့ စီးဆင်းခြင်းဖြင့် ဗို့တင်ရှယ်ခြားနားခြင်း (Potential Difference) or (Voltage,V) ဖြစ်ပေါ်လာသည်။ လျှပ်မှုန်များသည် လျှပ်စစ်သံလိုက်အားကို မြင့်တင်ပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လျှပ်မှုန်များသည် တစ်ခုမှတစ်ခုပေါ်သို့ အား (Force) အပြန်အလှန် သက်ရောက်ခြင်းကြောင့် ဖြစ်သည်။ လျှပ်မှုန်သွင်းထားသော ဖန်ချောင်းဖြင့် ဘောလုံးလေးကို လျှပ်မှုန်သွင်းစေခြင်းဖြင့် လျှပ်စစ်ဓာတ်ကို ဆောင်နိုင်စေသည်။ ယင်းဖန်ချောင်းကို သိုးမွေးစဖြင့် ပွတ်တိုက်ခြင်းဖြင့် တည်ငြိမ်လျှပ်စစ် ဖြစ်ပေါ်စေကာ ယင်းမှတစ်ဆင့် ဘောလုံးလေးတွင်လည်း လျှပ်စစ်ဓာတ်ကို ဖြစ်ပေါ်စေသည်။ နောက်ထပ် အလားတူဘောလုံးတစ်လုံးကို ယင်းဖန်ချောင်းဖြင့် လျှပ်စစ်ဓာတ်ကို ဆောင်စေပါက ယင်းတို့အချင်းချင်း တွန်းကန်မည်ဖြစ်ပြီး အကယ်လို့ နောက်ထပ်ဘောလုံးကို ပယင်းဖြင့် ပွတ်တိုက်ကာ လျှပ်စစ်ဓာတ် ဆောင်စေကာမူ ယင်းတို့အချင်းချင်း ပူးကပ်မည်ဖြစ်သည်။ ယင်းအဖြစ်အပျက်ကို ပြင်သစ်ရူပဗေဒပညာရှင် Charles-Augustin de Coulomb က ၁၈ ရာစုနှောင်းပိုင်းတွင် တွေ့ရှိခဲ့သည်။ ထိုတွေ့ရှိချက်ကို အခြေခံကာ အလွန်အရေးကြီးသည့် လျှပ်မှုန်များသည် မျိုးတူလျှင် တွန်းကန်ကာ မျိုးမတူလျှင် ဆွဲငင်ကြောင်းကိုလည်း နောက်ပိုင်းတွင် တွေ့ရှိခဲ့ကြသည်။ စက်မှုလုပ်ငန်းများ၌ အရေးပါသည့် စွမ်းအင် လျှပ်စစ်ဓာတ်သဘောကို စတင်တွေ့ရှိခဲ့ကြပြီးနောက် လျှပ်စစ်ဓာတ်ဖို့နှင့် လျှပ်စစ်ဓာတ်မ၊ဓာတ်လိုက်ပစ္စည်းနှင့် ဓာတ်မလိုက်ပစ္စည်း၊ လျှပ်စစ်ဓာတ်စီးတွင် သတ္တိအမျိုးမျိုးရှိပုံ၊ လျှပ်စစ်သံလိုက်သဘော စသည်တို့ကို ဆက်လက်ဖော်ထုတ်လာနိုင်ခဲ့သည်။

အထူးဆန်းဆုံး၊ အရှုပ်ထွေးဆုံးနှင့် အသုံးဝင်ဆုံးလုပ်ငန်းကြီးများကို လျှပ်စစ်စွမ်းအင်၏ အကူအညီဖြင့် ဆောင်ရွက်ပြီးမြောက်နိုင်ခဲ့ကြပေသည်။ ယနေ့ခေတ် သိပ္ပံပညာရှင်တို့၏ ပြောဆိုချက်အရ လူသားတို့၏ အဝတ်အစား၊ အသုံးအဆောင်မှန်သမျှနှင့် လူတို့ ကိုယ်ခန္ဓာများ အပါအဝင်ဖြစ်သော ဤစကြဝဠာ တစ်ခုလုံးသည် လျှပ်စစ်ဓာတ်ဖြင့် ဖွဲ့စည်းထားခြင်းသာ ဖြစ်သည်ဟုလည်း ဆိုလေသည်။ ယခုအခါ လျှပ်စစ်ဓာတ်ကို အမျိုးမျိုးထုတ်ယူပြီး အသုံးချ၍ လျှပ်စစ်ဓာတ်၏ အကျိုးအာနိသင်တို့ကို ရရှိခံစားလျက်ရှိကြသဖြင့် လျှပ်စစ်စွမ်းအင်ဖြစ်ပေါ်လာပုံသမိုင်းနှင့် ရှာဖွေတွေ့ရှိခဲ့ကြသည့် သဘောတရားများအား လေ့လာသိရှိထားနိုင်ကြစေရန် ဗဟုသုတအလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

**မောင်မောင်စွယ်စုံထွန်း**

# စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - ချမ်းသာချင်သလား ဒါဆောင်ထား
စာရေးသူ - အရှင်သံဝရာလင်္ကာရ
ထုတ်ဝေသည့်စာပေတိုက် - ဆုရောင်စဉ်စာပေ
တန်ဖိုး - ၂၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - ကျော်မင်းမောင်
ထုတ်ဝေသည့်ကာလ - ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ



"ငယ်ရွယ်စဉ်ပညာရှာတယ်ဆိုတာ တကယ်တော့ ဥစ္စာရှာဖို့ပါပဲ။ ပညာမတတ်ရင် ဥစ္စာရှာဖို့ မလွယ်ဘူး။ ပညာတတ်မှသာ ဥစ္စာရှာရလွယ်ကူတယ်။ ပညာရှာတဲ့အရွယ် ပညာကို ကြိုးစားပမ်းစားရှာရမယ်။ ဘွဲ့တစ်ခုလောက်တော့ အနည်းဆုံးရထားမှဖြစ်မယ်။ နှစ်ဘွဲ့၊ သုံးဘွဲ့ဆိုရင်တော့ ပိုကောင်းတာပေါ့။ လူဆိုတာ ဥစ္စာရှာမှာလား။ တရားရှာမှာလား။ တစ်ခုခုကတော့ ရှာနေရမယ်။ တချို့ တရားလည်း မရှာနိုင်၊ ဥစ္စာလည်း မရှာနိုင်နဲ့။ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ နှစ်ခုလုံး လွတ်နေတဲ့သူတွေလည်း ရှိသေးတာပဲ။ အချိန်တွေ နှမြောစရာပဲ"

စာမျက်နှာ(၄၇)မှ-

အရှင်သံဝရာလင်္ကာရ(ဓမ္မပိယဆရာတော်)၏ ချမ်းသာချင်သလား ဒါဆောင်ထား" စာအုပ်မှာ ၂၀၀၇ ခုနှစ်က "ဓမ္မပိယစာပေ"မှ ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ယခုထုတ်ဝေခြင်းမှာ ထပ်မံဖြည့်စွက်ချက်များဖြင့် ဒုတိယအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ လင်းလွန်းခင်စာပေမှ တစ်ပြည်လုံး ဖြန့်ချိသည်။

အောင်မြင်ကြီးပွားချမ်းသာဖို့ ဆောင်ရန်၊ ရှောင်ရန်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံ ရေးသားထားသည့် စာစုများဖြစ်သည်။

အောင်မြင်ကြီးပွားချမ်းသာချင်သူများ လက်စွဲဖတ်သင့်သည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

၀-၀-၀-၀-၀-၀

## ဖော်ညွှန်းသီ

စာအုပ်အမည် - ရွေးချယ်ကြမယ်၊ သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ
စာရေးသူ - ကျော်သူ(ဥပဒေ ဒဿန)
ထုတ်ဝေသည့်စာပေတိုက် - သစ္စာရောင်ခြည်စာပေ
တန်ဖိုး - ၁၀၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - ပန်းချီအောင်သန်းညို
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ မေလ

ဆရာ မောင်ဉာဏ်သစ်၏ "အပြုအတွေးနှင့် စာရေးသူ"၊ ဆရာအောင်တင်ဝင်း(ငွေသရော်)၏ "မောင့်သဘောအတိုင်းပါပဲ" အမှာစာများနှင့်အတူ ဆောင်းပါး ၂၃ ပုဒ်ကို စုစည်းထုတ်ဝေထားသည်။

အတွေးအမြင်၊ ရုပ်ပုံလွှာ၊ ဥပဒေ၊ ပရဟိတခေါင်းစဉ်များ တပ်ပြီး ရေးထားသောဆောင်းပါးများဖြစ်သော်လည်း ဒဿနိက အတွေးအခေါ်ကို ဦးစားပေးရေးဖွဲ့ထားပြီး မန္တလေးနေ့စဉ်သတင်းစာတွင် ပုံနှိပ်ဖော်ပြထားပြီးသော ဆောင်းပါးများ ဖြစ်သည်။

"ရွေးချယ်မှုဆိုတဲ့ စကားလုံးလေး သုံးလုံးက ပြောရတာလွယ်သလောက် တစ်ခါတစ်လေ ကမ္ဘာပေါ်မှာ အခက်အခဲဆုံးအရာဖြစ်သွားတတ်တာ "ရွေးချယ်မှု"ဆိုတဲ့ အရာပါပဲ။ ဘာလို့လည်းဆိုတော့ ရွေးချယ်မှုဆိုတာက ကျွန်တော်တို့ရဲ့အတိတ် လက်ရှိအနာဂတ် တစ်နည်းပြောရရင် ကံကြမ္မာလို ဖြစ်နေတာကိုး။ ကျွန်တော်တို့ ရွေးချယ်မှုတွေ လုပ်ကြရတယ်။ အဲ့ဒီရွေးချယ်မှုအတိုင်း အသက်ရှင်ရတယ်။ ကိုယ်ရွေးချယ်မှု အပေါ်လိုက်ပြီး ကံစွတွေက အမျိုးမျိုး ဖြစ်ပျက်နေတာလေ။ ရွေးချယ်မှုကတော့ ကျွန်တော်တို့ နေ့တိုင်းလုပ်နေကြရတာပါပဲ။ အရိုးရှင်းဆုံး ဥပမာတစ်ခုကို ပြောရရင် အလုပ်သွားဖို့အတွက် နံနက် ၆ နာရီ ထတယ်။ အင်မတန် ပင်ပန်းပြီး အိပ်ချင်နေပေမယ့် အလုပ်ကို အချိန်မီသွားချင်တော့ ထပြီး ပြင်ဆင်ရတယ်။ ဒါလည်း ရွေးချယ်မှုပါပဲ။ ထဖို့ ရွေးချယ်တာ၊ အလုပ်နောက်မကျဖို့ ရွေးချယ်တာ၊ အဲ့ဒီအချိန်ခဏလေးမှာတင် ရွေးချယ်မှု တစ်ခုမက လုပ်လိုက်တာပါ"

စာမျက်နှာ(၂၀)မှ-

အရာရာကို တွေးခေါ်စဉ်းစားဆုံးဖြတ်နိုင်ဖို့ လူငယ်များ လက်စွဲဖတ်သင့်သည့်စာအုပ်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။



ဖတ်စရာ၊ မှတ်စရာ စုံလင် ယုန်ကလေး

## မင်းမြတ်အနော်ရထာ

* ရွှေထီးရွှေနန်း ရွှေကြငှန်းနဲ့
သိမ်းမြန်းအုပ်ချုပ်
ပုဂံမှာမင်းလုပ်၍ စိုးစံခဲ့သော အနော်ရထာ ။
* ပုဂံတစ်ဝန်း အရည်းကြီးသာသနာ
တွန်းလှန်ကာဖြင့်
ဗုဒ္ဓဘာသာ ထွန်းလင်းစေခဲ့သော အနော်ရထာ ။
* ဆည်၊ မြောင်း။ ကန်၊ ချောင်း
လယ်လုပ်သူ ပြည်သူတို့အတွက်
တည်ဆောက်ဖောက်လုပ်
ပြုပြင်စီမံပေးခဲ့သော အနော်ရထာ ။
* ဗုဒ္ဓပိဋကတ်
ဖြန့်ပွားကိုးကွယ် သထုံနယ်က
ပင့်ဆောင်စေလျက်
အနုပညာ ပန်တျာသဘင်သည်
ပညာပေါင်းစုံ ခေါ်လာစေသော အနော်ရထာ ။
* မြို့ပြပြုပြင်
ဇရပ်၊ တန်ဆောင်း
ဂူ၊ ကျောင်း။ စေတီ ပုထိုးမကျန်
တင့်တယ်ပါစေသော အနော်ရထာ ။
* ပြည်သူအပေါင်း
အေးငြိမ့်ပြောင်းကာ
စရဏအကျင့် ကောင်းစွာတင့်လျက်
မြင့်မြတ်စေသော အနော်ရထာ ။
* အနော်ရထာ
မင်းမြတ်မင်းကောင်း
ပြည်သူအပေါင်းက
ရိုကျိုးခယ အောင့်မေ့ တသသဖြစ်စေသော
အနော်ရထာ ။
* အိုဘယ့်ဘယ့်···အိုဘယ့် အနော်ရထာ ။ ။

ခင်မောင်(ငါန်းဌှန်)



## သရက်မြို့၌ စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် မတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးတို့က စားသုံးသူ၏ အခွင့်အရေး၊ စားသုံးသူတွေမှာ ထားရှိရမည့် တာဝန်များအကြောင်း၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်းနှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နေရာနှင့် ဖုန်းနံပါတ်များတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)





ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းမှ ကြီးမှူး၍ ရှေးဦးပြုစုခြင်း(အခြေခံအဆင့်) သင်တန်းအမှတ်စဉ်(၁/ ၂၀၂၅)ကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၅)ရပ်ကွက်ခန်းမ၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)



## လျှော်ဒဏ်သင့်ခဲ့သော ဘုန်းတော်ကြီးကျောင်းများအား ဗီယက်နမ်နိုင်ငံမှ ဘာသာရေးအဖွဲ့မှ ထောက်ပံ့လှူဒါန်း

**မန္တလေး မေ ၂၁**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ချမ်းအေးသာစံမြို့နယ်အတွင်း ငလျင်ဒဏ်သင့်ခဲ့သော ဘုန်းတော်ကြီးကျောင်းများအား ဗီယက်နမ်ဆရာတော် ဦးဝိမလ ဦးဆောင်သော ဘာသာရေးအဖွဲ့သည် လူသားချင်းစာနာသောအားဖြင့် ထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက် နံနက် ၈ နာရီတွင် လမ်း ၆၀နှင့် ၆၂လမ်းကြား၊ ၃၃ လမ်း၊ အကွက်(၄၁၄/နဂါး)လှထွေကျောင်းတိုက် ပတ္တမြားကျောင်းတိုက်သို့ရောက်ရှိခဲ့ပြီး ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အမှတ်(၉၀)ရမ္မာဝတီလမ်း၊ မဟာပုညဝိဟာရကျောင်းမှ ဗီယက်နမ်နိုင်ငံသား ဆရာတော် ဦးဝိမလ ဦးဆောင်သော ဆရာတော်၊ ဆရာလေး ၁၇ ပါးနှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမများသည် လူသားချင်းစာနာထောက်ထားသောအားဖြင့် ငလျင်ဒဏ်သင့်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအား ထောက်ပံ့လှူဒါန်းမှုများ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ လှထွေကျောင်းတိုက်၊ ပတ္တမြားရောင်ခြည်ကျောင်းတိုက်များသို့ သွားရောက်ကာ အလှူငွေကျပ်သိန်း ၇၀ အားလှူဒါန်းခဲ့ပြီး ဒေါက်တာဘဒ္ဒန္တစန္ဒာဝရက လက်ခံရယူခဲ့သည်။

ထို့နောက် ဗီယက်နမ်ဆရာတော် ဦးဝိမလ ဦးဆောင်သော ဘာသာရေးအဖွဲ့သည် နံနက် ၉ နာရီတွင် ပတ္တမြားရောင်ခြည်ကျောင်းမှ ထွက်ခွာခဲ့ပြီး အောင်မြေသာစံမြို့နယ်၊ လမ်း ၂၀၊ ၆၂ လမ်းရှိ အရှေ့ခင်မကန်ကျောင်းတိုက်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး အမှတ်(၃)စစ်နယ်မြေမှူး ဒုတိယဗိုလ်မှူးကြီး သော်တာထွေး၏ ကြီးကြပ်မှုဖြင့် လမ်းကြောင်းရှင်းလင်းရေးများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ချမ်းမြေ့မောင်**

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ပို့ချ

**မန္တလေး မေ ၂၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ဓမ္မာစရိယစာမေးပွဲအောင်မြင်တော်မူပြီး နယ်စပ်ဒေသများသို့ သွားရောက်သာသနာပြုမည့် သံဃာတော်အပါး ၆၀ အား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းပို့ချခြင်းကို မေ ၁၈ ရက်က အောင်မြေသာစံမြို့နယ်၊ ၆၂ လမ်းရှိ အဆိုပါတက္ကသိုလ်သင်တန်းခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူးဦးကျော်ကျော်နှင့် မန္တလေးတိုင်းကြက်ခြေနီတပ်ဖွဲ့မှုနည်းပြဆရာများ သင်ကြားပို့ချပြီး အောင်မြေသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူးဦးကျော်ကျော်နှင့် တိုင်းဒေသကြီး ကြက်ခြေနီနည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



## ဖြပ္ပစိုရ်လူမှုကူညီရေးအသင်းသို့ စက်ရေတွင်းအတွက် အလှူငွေနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေး ဆေးပစ္စည်းများ လှူဒါန်း

**မန္တလေး မေ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ ဖြပ္ပစိုရ်လူမှုကူညီရေးအသင်းကျန်းမာရေး၊ သဘာဝဘေး၊ လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စေတနာရှင်များက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိရာ ယမန်နေ့ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅ လမ်းရှိ IBIS Style Mandalay Centre Hotel က စက်ရေတွင်းအတွက် ငွေကျပ် ၇၅ သိန်းကိုလည်းကောင်း၊ IBIS Style Hotel မိသားစုနှင့် သူငယ်ချင်းများက စက်ရေတွင်းတူးရန် ငွေကျပ် ၇၅ သိန်းကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ မဏိပူပြည်နယ်နေ Mr.LOKANANDA MANOHAR MAYUM က သဘာဝဘေးကူညီကယ်ဆယ်ရေးအတွက် ငွေကျပ် ၂၉ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့၊ ၈၄ လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားနေ ဦးဘစံ+ဒေါ်စိန်စိန်(စိန်သိန်းသဘော်ဆေး)မိသားစုက (၁၈)ကြိမ်မြောက်ငွေပဒေသာပင် ငွေကျပ်သိန်း ၅၀ကိုလည်းကောင်း၊ စင်ကာပူနိုင်ငံနေ ဒေါက်တာစောချစ်အောင်+ဒေါက်တာမေမြစိန်မိသားစုက ဆေးနှင့်ဆေးပစ္စည်းမျိုးစုံတို့ကို လာရောက် လှူဒါန်းရာ ဖြပ္ပစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူးဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဖြပ္ပစိုရ်လူမှုကူညီရေးအသင်းသို့ မိမိကိုယ်တိုင်(သို့)ကိုယ်စားလှူဒါန်းလိုပါက မြန်မာစီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF-001683၊ KBZ ဘဏ် 041 30404101481201 သို့လည်းကောင်း၊ ဖုန်း ၀၂-၂၈၄၄၃၅၀၊ ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃၆၀၀၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**

၀-၀-၀-၀-၀



## ငလျင်ဘေးကြောင့် ပျံလွန်တော်မူသွားသော စာမေးပွဲကြီးကြပ်သံဃာတော်များနှင့် စာဖြေသံဃာများအား ရည်စူး၍ ဖြပ္ပစိုရ်အသင်းမှ ငွေများလှူဒါန်း၊ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်



**မန္တလေး မေ ၂၁**

မန္တလေး၊ ပရိယတ္တိသာသနဟိတအသင်းတွင် ငလျင်ဘေးဒဏ်ကြောင့် ပျံလွန်တော်မူသွားကြသည့် စာမေးပွဲကြီးကြပ်သံဃာတော်များနှင့် စာဖြေသံဃာတော်များအတွက် ရည်စူး၍ ဖြပ္ပစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)မှ ငွေကျပ် ၅၃ သိန်းကို မေ ၂၀ရက်က ဖြပ္ပစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်းနှင့်အသင်းအမှုဆောင်များက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့သည်။


ဖြပ္ပစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)သည် မေ ၂၀ ရက် ညနေပိုင်းက အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်နေ မြန်မာမိသားစုအလှူရှင်များနှင့် ရှမ်းပြည်နယ်၊ မိုင်းလား အထူးဒေသ(၄)မှ ပြည်သူများ လာရောက်လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများကို အသင်းအလုပ်အမှုဆောင်များက ချမ်းမြသာစည်မြို့နယ်၊ မန္တလေးလေယာဉ်ကွင်းဟောင်း၊ အနောက်ဘက် စက်ဘီးဆိုင်ကယ်လမ်းပေါ်ရှိ ငလျင်ကယ်ဆယ်ရေးစခန်းမှ ငလျင်ဘေးသင့်ပြည်သူများနှင့် စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်ရှိ ငလျင်ဘေးသင့် ပြည်သူများအား သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**

၀-၀-၀-၀-၀

# ကျွန်ုပ်တို့မမေ့အပ်သော အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့




**နိဒါန်း**

မေ ၂၂ရက် (ကြာသပတေးနေ့)သည် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့ ဖြစ်သည်။ ဤရက်ကို ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ကုလသမဂ္ဂအဖွဲ့သည် အဖွဲ့နှင့်ဆက်စပ်မှုရှိသော Agencies နှင့် အထူးအဖွဲ့များဖွဲ့စည်းရာတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) United Nations Educational, Scientific and Cultural Organization ပါဝင်သည်။ ၁၉၄၆ခု၊ နိုဝင်ဘာလ ၄ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့၏ရုံးချုပ်တည်ရာသည် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ဖြစ်သည်။ အဆိုပါအဖွဲ့ကို ဖွဲ့စည်းရခြင်းမှာ ကုလသမဂ္ဂအဖွဲ့တွင် ရည်ရွယ်ချက်နှင့် အဖွဲ့ပဋိညာဉ်ပါ အခြေခံမှုများကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြစ်ပါသည်။

**ကုလသမဂ္ဂအဖွဲ့ချုပ် ပေါ်ပေါက်လာခြင်း**

အဆိုပါအဖွဲ့ကြီးကို ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် ၁၉၄၅ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ယခုအခါတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ တည်ရှိပြီး သက်တမ်း(၈၀)ပြည့်ပါတော့မည်။ အဖွဲ့ဝင် ၁၉၃ နိုင်ငံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ကြီးစတင်ဖွဲ့စည်းစဉ်ကစပြီး ယခုအချိန်အထိ အဖွဲ့ကြီး၏လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် အထွေထွေအတွင်းရေးမှူးချုပ်ကိုးဦးတို့သည် အသင်းကြီး၏ရည်ရွယ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယခုလက်ရှိအတွင်းရေးမှူးချုပ်သည် ပေါ်တူဂီနိုင်ငံမှ ဂူတာရက်စ်ဖြစ်ပြီး သက်တမ်း နှစ်ကြိမ် ၁၀ နှစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

**အထွေထွေညီလာခံများ ကျင်းပခြင်း**

ကုလသမဂ္ဂအထွေထွေညီလာခံများကို နှစ်စဉ်စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကျင်းပလေ့ရှိပါသည်။ အထွေထွေအတွင်းရေးမှူးချုပ် အသီးသီးကို ငါးနှစ်လျှင် တစ်ကြိမ်ရွေးချယ်၍ သက်တမ်းနှစ်ကြိမ်အထိ ရွေးချယ်ခံနိုင်သည်ဟု သိရသည်။ အထွေထွေညီလာခံကျင်းပသည့်အခါ ထူးခြားဖြစ်စဉ်များရှိပါက ကိုယ်စားလှယ်များ၏သဘောတူဆန္ဒဖြင့် အတည်ပြုသတ်မှတ်ကြပါသည်။ အထိမ်းအမှတ်များ သတ်မှတ်ရာတွင် အကြောင်းအရာအမျိုးမျိုးရှိရာ ဤဆောင်းပါးနှင့်ဆက်စပ်သော အထိမ်းအမှတ်များကို ဖော်ပြသွားပါမည်။ အထိမ်းအမှတ်သတ်မှတ်ရာတွင် နှစ်အလိုက်နှင့် လ၊ ရက်၊ အလိုက်ရှိရာ လ၊ ရက် အထိမ်းအမှတ်အချို့ကို ဖော်ပြသွားပါမည်။

- ∗ ဖေဖော်ဝါရီလ ၄ ရက်ကို ကမ္ဘာ့ရေတိမ်ဒေသနေ့
- ∗ မေလ ၂၂ ရက်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့
- ∗ ဇွန်လ ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
- ∗ ဇူလိုင်လ ၇ ရက်ကို ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့
- ∗ ဩဂုတ်လ ၁၂ ရက်ကို ကမ္ဘာ့ဆင်များနေ့
- ∗ အောက်တိုဘာလ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့

စသည်တို့ ဖြစ်ပါသည်။

**ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းခြင်း**

အဆိုပါအဖွဲ့၏ ရည်ရွယ်ချက်များမှာ ကုလသမဂ္ဂအဖွဲ့တွင် အရေးကြီးသည့် ရည်ရွယ်ချက်များ သတ်မှတ်ထားရာတွင် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကိစ္စအဝဝကို အတူတကွ ပူးပေါင်းရရှိညှိနှိုင်းဖြေရှင်းရန် ပါဝင်ပါသည်။ အဖွဲ့၏ ပဋိညာဉ်အခြေခံအချက်များတွင်လည်း လူခပ်သိမ်းတို့၏ အကျိုးစီးပွားများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းအသုံးပြုရန်ဟု ပါရှိပါသည်။ သို့ဖြစ်ရာ ဤအဖွဲ့သည် နိုင်ငံအသီးသီးရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်ဆိုင်ရာများနှင့် ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများ မပျက်စီးအောင် ထိန်းသိမ်းခြင်းနှင့် ဘေးမဲ့ဒေသများ ထိန်းသိမ်းထားရှိခြင်းဖြင့် ဇီဝမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှု ရပ်တန့်လျော့နည်းစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖြစ်စဉ်အချို့ကို ကောက်နုတ်ဖော်ပြသွားပါမည်။ ကမ္ဘာ့အကြီးဆုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဒေသများမှ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဆက်စပ်သော အချက်များပါဝင်သည်။

နိုင်ဂျာနိုင်ငံ၌ ယူနက်စကို ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်သည့်ဒေသသည် အဲယားတောင်တန်း အရှေ့ဘက်ပိုင်းတစ်ဝက်နှင့် တိနီရီကန္တာရအနောက်ပိုင်းရှိ တောရိုင်းတိရစ္ဆာန်ကန့်သတ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖြစ်ပါသည်။ ဂရိတ်လင်(စ်)ပိုပို နယ်စပ်ဖြတ်ကျော်ထိန်းသိမ်းရေးဒေသသည် မိုဇမ်ဘစ်၊ တောင်အာဖရိကနှင့် ဇင်ဘာဘွေနိုင်ငံတို့၏ကုန်းမြေများ ပါဝင်သည့် အမျိုးသားဥယျာဉ် ၁၀ ခု ပေါင်းစပ်ရာဒေသဖြစ်ပြီး အာဖရိကဆင်များ၊ သစ်ကုလားအုပ်များ၊ အာဖရိကကျားသစ်များ၊ သစ်ကျူတ်၊ ကျားများ၊ ခွေးအများ ကျက်စားရာဒေသဖြစ်သည်။

ဂါလာပါရို(စ်)ပင်လယ်ပြင်ထိန်းသိမ်းရေးဒေသသည် အီကွေဒေါဒေသကမ်းရိုးတန်းတွင်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကြီးဆုံး ပင်လယ်ပြင်ထိန်းသိမ်းရေးဒေသဖြစ်၍ ယင်းဒေသ၌ ငါးမန်းများ၊ ဝေလငါးများ၊ လိပ်ငါးနှင့် ငါးလိပ်ကျောက်မျိုးအပါအဝင် အဏ္ဏဝါသက်ရှိမျိုးစိတ်များ ကျင်လည်ကျက်စားရာဒေသ ဖြစ်သည်။ ထို့အပြင် ပါဝါပန်တော်အိုကွာကီယာ အဏ္ဏဝါအမျိုးသားအထိမ်းအမှတ်ဒေသသည် ဟာဝိုင်ယီပြည်နယ်ရှိ အမေရိကန်အမျိုးသားအထိမ်းအမှတ်ဒေသ ဖြစ်သည်။ ရှားပါးသော ဟာဝိုင်ယီပင်လယ်ဖျံမျိုးအပါအဝင် သက်ရှိမျိုးစိတ် ၇၀၀၀ ခန့် ကျင်လည်ကျက်စားရာဒေသဖြစ်သည်။

ထို့အပြင် ကမ္ဘာ့အရှေ့မြောက် ဂရင်းလန်ကျွန်းသည် ကမ္ဘာပေါ်တွင် မြောက်ဘက်ပိုင်းအထိမ်းအမှတ်ဒေသဖြစ်၍ ယင်းဒေသ၌ ဝင်ရိုးစွန်းဝက်ဝံများ၊ အစွယ်ရှိသော ပင်လယ်ဖျံများ၊ အာတိတ်မြေခွေးများ၊ နှင်းဖိုးကွက်များနှင့် အခြားသက်ရှိမျိုးစိတ်များ ကျက်စားရာဒေသဖြစ်သည်။

သို့ဖြစ်ရာ ဖော်ပြပါနိုင်ငံအသီးသီးတို့၏ ဇီဝမျိုးစုံမျိုးကွဲများ ဖြစ်စဉ် အခြေအနေများကို ယူနက်စကိုအဖွဲ့က စိစစ်ပြီး ကမ္ဘာ့အကြီးဆုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဒေသ ၁၀ ခုတွင် အသိအမှတ်ပြုထားသည်ကို လေ့လာမိပါသည်။

**မြန်မာနိုင်ငံ၌ရှိသော ဇီဝအဝန်းနယ်မြေများ**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့သည် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲ ဒေသနှစ်ခုတွင်ရှိသည့်နေရာများ အသိအမှတ်ပြုထားသည်ကို လေ့လာသိရှိရပါသည်။ အဆိုပါ ဇီဝအဝန်းနယ်မြေများမှာ ရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ဒေသဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝအဝန်းဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ယူနက်စကိုအဖွဲ့က အသိအမှတ်ပြုခဲ့သည်ဟု သိရပါသည်။ အင်းလေးကန်သည် မြန်မာနိုင်ငံရှိ သဘာဝကုန်းတွင်း ရေကန်များအနက် ဒုတိယအကြီးဆုံးဖြစ်သည်။ အလျား ၂၁ ကီလိုမီတာ၊ အနံ ၁၁ ကီလိုမီတာရှိပြီး ကျယ်ဝန်းသည့် ရေချိုအိုင်ဖြစ်သည်။ ယင်းရေကန်ထဲသို့ ချောင်း ၄ ချောင်းမှ ရေချိုများစီးဝင်ကြပြီး ကယားပြည်နယ်ထဲသို့ ဘီလူးချောင်းအဖြစ် စီးဝင်သွားသည်ဟု သိရပါသည်။ ကန်ဧရိယာသည် ဟက်တာ ၄၈၉၇၂ လွှမ်းခြုံထားပြီး ၄က်မျိုးစိတ်ပေါင်း ၂၇၀၊ ငါး ၄၃ မျိုး၊ လိပ် ၃ မျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၃၄ မျိုး ကျက်စားရာဒေသဖြစ်သည်။

ဒုတိယဇီဝအဝန်းမြေမှာ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးဒေသဖြစ်သည်။ ယူနက်စကိုအဖွဲ့ ကော်မတီသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင်ကျင်းပသည့် အစည်းအဝေးတွင် အင်းတော်ကြီးဒေသအား ယူနက်စကိုအဖွဲ့ကြီးက လူသားနှင့်ဇီဝအဝန်းနယ်မြေ အစီအစဉ်အောက်ရှိ ကမ္ဘာ့ဇီဝအဝန်းနယ်မြေများ ကွန်ရက်အတွင်း ပါဝင်သည့်အတွက် အတည်ပြုသတ်မှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၃ ခုနှစ်တွင်လည်း အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုအဖြစ်နှင့် ၄က်မျိုးစိတ်များ ကြွယ်ဝမှုနှင့် ထူးခြားသည့် ရေဝပ်ဒေသ အင်္ဂါရပ်များရှိ၍ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် ရမ်ဆာရေဝပ်ဒေသ (Ram Sar Site)အဖြစ် သတ်မှတ်ခံရသည်။

**စစ်ကိုင်းတိုင်းဒေသ အင်းတော်မြို့ရှိ ဇီဝမျိုးစုံမျိုးကွဲများ**

စာရေးသူသည် ဤဆောင်းပါးကိုရေးသားရန် စီစဉ်နေစဉ် မန္တလေးနေ့စဉ်၏ လွန်ခဲ့သော လေးနှစ်ခန့်က ထုတ်ဝေသည့် သတင်းစာမှ သဘာဝလင်းနို့ဂူမှ လင်းနို့များကို သတ်ဖြတ်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံသည့် ဆိုင်းဘုတ်စိုက်ထူသည့်သတင်းကို လေ့လာဖတ်ရှုမိရာ သတင်းရေးသားပြုစုသည့် အယ်ဒီတာသည် စာဖတ်သူကို ဇီဝမျိုးစုံမျိုးကွဲများသိရှိရန် အသေးစိတ်ဖော်ပြထားသည့်အတွက် အလွန်ကျေးဇူးတင်ပါသည်။ သတင်းတွင် ဇီဝမျိုးစုံမျိုးကွဲများစွာ တွေ့ရသော်လည်း ဆောင်းပါးတွင် အဆိုပါသဘာဝလင်းနို့ဂူသည် စစ်ကိုင်းတိုင်းဒေသ၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ ကျောက်မဲတောင်၌ ရှိပါသည်။ ဤကျောက်မဲတောင်ဒေသမှာ လင်းနို့များသာ ကျက်စားနေထိုင်သည်မဟုတ်ဘဲ တောအတွင်း၌ အခြားဇီဝမျိုးစုံမျိုးကွဲများလည်း ကျက်စားနေကြသည်မှာ အမျိုးမျိုးရှိကြသည်ဟု သိရသည်။ ဥပမာ-နို့တိုက်သတ္တဝါ ၁၁ မျိုးနှင့် တွားသွားသတ္တဝါ ခုနစ်မျိုး၊ ၄က်မျိုးစုံ ကိုးမျိုး၊ အဖိုးတန်သော ကျွန်းပင်များနှင့် ကျန်မျိုးကွဲသစ်ပင်များပါ အစုံအလင်ရှိသည်ဟု သိရပါသည်။ သို့ဖြစ်ရာ ဂေဟစနစ်အထောက်အကူပြုသည့် ဇီဝမျိုးစိတ်များဖြစ်သည့် လင်းနို့များ အပါအဝင် အခြားဇီဝမျိုးကွဲဖြစ်သည့် သတ္တဝါများ၊ တိရစ္ဆာန်များပါ ဆက်လက်ကာကွယ်ထိန်းသိမ်းဆောင်ရွက်ကြရန်ဟု ပါရှိပါသည်။

**နိဂုံး**

မြန်မာနိုင်ငံတော်အစိုးရအဆက်ဆက်သည် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ်များကို အစဉ်ရှင်သန်နိုင်ရန် ကာကွယ်စောင့်ရှောက်ခဲ့ကြသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ယူနက်စကိုအဖွဲ့ချုပ်သည် ရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ ညောင်ရွှေရှိ အင်းလေးဒေသကို ဇီဝအဝန်းဒေသအဖြစ် ကမ္ဘာ့မှတ်တမ်းဝင် အသိအမှတ်ပြုခဲ့ပါသည်။ ထို့အတူ ကချင်ပြည်နယ် အင်းတော်ကြီးဒေသကိုလည်း ဇီဝအဝန်းဒေသအဖြစ် ကမ္ဘာ့မှတ်တမ်းဝင် အသိအမှတ်ပြုခဲ့ပါသည်။ ယခုထပ်မံတွေ့ရှိရသည့် စစ်ကိုင်းဒေသ အင်းတော်မြို့ သဘာဝလင်းနို့ဂူရှိ လင်းနို့များနှင့် တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါများ၊ ၄က်အမျိုးမျိုးများကိုလည်း ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုနိုင်ရန် ယူနက်စကိုအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်မည့် အစီအစဉ်များကို မြို့နယ်အဖွဲ့အစည်းများမှ တာဝန်ယူကြိုးပမ်းဆောင်ရွက်လျှင် လုပ်ငန်းအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအပြင် သဘာဝဂေဟစနစ်များပါ အစဉ်ရှင်သန်ဖို့ လူသားများက ကာကွယ်စောင့်ရှောက်ရန် မမေ့သင့်ပါကြောင်း ဤဆောင်းပါးဖြင့် ရည်ညွှန်းအပ်ပါသည်။

**ကိုးကား** – ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ၂၀၂၄

– United Nations ကမ္ဘာ့ကုလသမဂ္ဂအကြောင်း တစေ့တစောင်း မောင်နိုင်ဖြိုး(မန္တလေး)

– (၃၀-၁၁-၂၀၂၁)ရက် ထုတ်ဝေသော မန္တလေးနေ့စဉ်သတင်းစာ

မောင်လူလှ(ဇေယျာဦး)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## BTS အဖွဲ့ဝင်များက UK တစ်ကိုယ်တော် ရောင်းအားတွင် စံချိန်တင်ခဲ့

BTS အဖွဲ့ဝင်များ၏ တစ်ကိုယ်တော်ဂီတမှာ UK Official Singles Sales Chart တွင် သီချင်းများစွာရှိပြီး ထိပ်ဆုံး



နံပါတ်ငါးအတွင်း K Pop အဖွဲ့အဖြစ် စံချိန်တင်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုရီးယား K Pop တစ်ကိုယ်တော်ဂီတနှင့် အဆိုပါစာရင်းတွင် Jung Kook နှင့် Jimin က (၁၅)၊ V က (၁၄)၊ Suga က (၁၂)၊ RM နှင့် J Hope က (၈)၊ Jin က နံပါတ်(၇)နေရာ အသီးသီးနှင့် ထိပ်ဆုံးနံပါတ်ငါးနေရာနှင့် စံချိန်တင်ထားကြသည်။

Black Pink မှ Jennie က (၇)၊ Lisa က (၆)၊ Rose က (၅)၊ Jisoo က (၃)၊ IU နှင့် အီအွန်က (၂)၊ ယူဂျင်း၊ ယုံဟွာကိုးလ်၊ ဂါကို၊ ပီအက်စ်ဝိုင်၊ ယွန်မီရေ၊ ခရက်ရှ်၊ ဇီကိုနာယွန်း၊ တေယွန်း၊ လိုကိုနှင့် ပတ်ဟိုရှင်းတို့က နံပါတ်(၁)နေရာရရှိထားကြောင်း OCC UK တရားဝင်ကုမ္ပဏီက ဝယ်ယူမှုအပေါ်မူတည်၍ တွက်ချက်တင်ပြ ထုတ်ပြန်ထားသည်။

(SKY)



## အားဖြည့်အချိုရည်များတွင် တွေ့ရှိရသော တော်ရင်းဓာတ်သည် သွေးကင်ဆာထိန်းညှိရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေ

နေးချားဂျာနယ်တွင် ဖော်ပြခဲ့သော လေ့လာမှုအသစ်တစ်ခုအရ ခန္ဓာကိုယ်က သဘာဝအတိုင်းထုတ်လုပ်သည့်အပြင် အားဖြည့်အချိုရည်များတွင်လည်း တွေ့ရှိရသော တော်ရင်းဟုခေါ်သည့် အာဟာရဓာတ်သည် သွေးကင်ဆာအချို့ (အထူးသဖြင့် လူကီးမီးယား၏ ပြင်းထန်သောပုံစံများ)ကို ထိန်းညှိရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု ရိုချက်စတာပြည်နယ်မှ သိပ္ပံပညာရှင်များသည် အစောပိုင်းအဆင့် သုတေသနတွင် ကြွက်နမူနာများဖြင့် လူသားကင်ဆာဆဲလ်များကြီးထွားမှုကို ရပ်တန့်နိုင်ခဲ့သည်။

တော်ရင်းဓာတ်သည် ကင်ဆာဆဲလ်များ အသက်ရှင်ရန် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်တစ်ခုကို ထိထိရောက်ရောက် ဖြတ်တောက်နိုင်ကြောင်း ထိုသိပ္ပံပညာရှင်များ တွေ့ရှိခဲ့ကြသည်။

ဒေါက်တာဂျီးဗီရှာဘာဂျာ့ချ် ဦးဆောင်သော ယင်းလေ့လာမှုအရ တော်ရင်းသည် လူ့အရိုးတွင်းရှိ ကျန်းမာသောဆဲလ်များမှ ထောက်ပံ့ပေးကြောင်း ဖော်ထုတ်သိရှိခဲ့သည်။

(SCI)

## Xiao Zhan ၏ Wo men ဂီတမှာ တရုတ်သီချင်းဖြစ်



တရုတ်ရုပ်ပါစတားအနုပညာရှင် ရှောင်းကျန့်၏ အနောက်တိုင်းအဆိုတော်နှင့်တွဲဆိုထားခြင်းမရှိ၊ အင်္ဂလိပ်စာသားမပါ လက်ရာမြောက် တရုတ်သီချင်းစစ်စစ်ဖြစ်သည့် Mandopop အယ်လ်ဘမ် Wo men ဝေါမန်(ငါတို့)မှာ နိုင်ငံတကာ ဂီတစာရင်းတွင် ထိပ်ဆုံးစာရင်းဝင်ဖြစ်နေကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ တစ်ကိုယ်တော်ဂီတမှာ နိုင်ငံပေါင်း (၂၁)နိုင်ငံ၏ အိုင်ကျွမ်းချပ်တွင် ထိပ်ဆုံးနံပါတ် (၁)၊ တစ်ကမ္ဘာလုံး အိုင်ကျွမ်းချပ်တွင် နံပါတ်(၂)၊ ဥရောပ အိုင်ကျွမ်းချပ်တွင် နံပါတ်(၃)၊ အမေရိကန်အိုင်ကျွမ်းချပ်တွင် နံပါတ်(၂) အသီးသီးရရှိထားသည်။

Xiao Zhan ၏ 'ငါတို့' ဝေါမန်သီချင်းမှာ Worldwide Apple Music Chart တွင် နံပါတ်(၁၁၇)၊ Global Digital Artists Lists တွင် နံပါတ်(၄၂) နေရာဝင်ခဲ့သည့် တရုတ်သီချင်းစစ်စစ်ဖြစ်၍ ပရိသတ်ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

(SKY)

*-*-*-*-*

## S Coups ၏ ရိုးရာဝတ်စုံနှင့် ဖက်ရှင်စတိုင်လ်ကို Met Gala တွင် မြင်တွေ့ရ

ဖက်ရှင်ပွဲတော် Met Gala သို့ နှစ်စဉ်ကေပေါ့ပ်အနုပညာရှင်များ တက်ရောက်ခဲ့ကြရာ ၂၀၂၅ ခုနှစ်တွင် ဂျင်းနီ၊ လီဆာ၊ ရို့စ်နှင့် အတူ အက်စ်ကော့စ်လည်းပါဝင်၍ ရိုးရာဝတ်စုံကို အသွင်သစ် ဖက်ရှင်စတိုင်လ်နှင့် မြင်တွေ့ကြရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် ဂျင်းနီ၊ စတေရီကစ်၊ ၂၀၂၃ ခုနှစ်တွင် ဂျင်းနီ၊ ဂျက်ဆင်ဝေါင်၊ ၂၀၂၂ ခုနှစ်တွင် အန်စီတီမှ ဂျွန်နီ၊ ၂၀၂၁ ခုနှစ်တွင် ရို့စ်နှင့် စီအယ်လ်၊ ၂၀၁၈ ခုနှစ်တွင် အိပ်ဖိုမှ လေး၊ ၂၀၁၅ ခုနှစ်တွင် ရိန်း၊ ၂၀၁၃ ခုနှစ်တွင် ပီအက်စ်ဝိုင်နှင့် စူပါဂျူနီယာအဖွဲ့ဝင်တို့ အသီးသီး ဖိတ်ကြားခံခဲ့ရသည်။

၂၀၂၅ ခုနှစ်အတွက် အက်စ်ကော့စ်က ရိုးရာဝတ်စုံကို အသွင်သစ်ဖန်တီးထားသည့် ဖက်ရှင်စတိုင်လ်နှင့်တက်ရောက်ခဲ့၍ ပရိသတ် စိတ်ဝင်စားခဲ့ကြသည်။

(SKY)



## ဇာတ်ညွှန်းဆရာ Lim Sang Choon က သူလိုချင်သည့် သရုပ်ဆောင်ရမှ ရိုက်ကူး

ဇာတ်ညွှန်းရေးဆရာ လင်ဆောင်ချွန်သည် When The Camellia Blooms နှင့် ဘိတ်ဆန်းဆုရရှိထားပြီး သူ့စိတ်ကြိုက်သရုပ်ဆောင်ရမှ ဇာတ်ညွှန်းကို ရိုက်ကူးရေးသို့ ပေးအပ်သူဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လင်ဆောင်ချွန်သည် ၂၀၁၄ ခုနှစ်မှစ၍ ပွဲဦးထွက်ခဲ့ကာ အနုပညာသက်တမ်း (၁၁)နှစ်အတွင်း ဇာတ်ကားခြောက်ကားသာ ဇာတ်ညွှန်းရေးခဲ့ပြီး ဆုများစွာ ဆွတ်ခူးထားကာ ဘိတ်ဆန်းဆုရရှိထားသူ ဖြစ်သည်။

သူဇာတ်ကားကို ရိုက်ကူးရန် သူလိုချင်သည့် သရုပ်ဆောင်ရမှ ဇာတ်ညွှန်းပေးသူအဖြစ် နာမည်ကြီးကာ ဇာတ်ညွှန်းတစ်ခုကို နှစ်ချီရေးလေ့ရှိပြီး ဘဝက လိမ္မော်သီးတွေ ပေးတဲ့အခါ When Life Gives You Tangerines ၏ ပွဲကိုင်ရှင်လည်း ဖြစ်သည်။

(SKY)




## Jennie ၏ Chanel Look က Met Gala တွင် အလှဆုံးဝတ်ဆင်မှုဖြစ်ခဲ့

ကေပေါ့ပ်ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျင်းနီ၏ ၂၀၂၅ ခုနှစ် Met Gala ပွဲတော်တွင် Chanel Look ဖက်ရှင်မှာ အမေရိကန်၏ ဟာပါဘဇားထုတ်ပြန်ချက်တွင် အလှဆုံးဝတ်ဆင်မှု စာရင်းဝင်ဖြစ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျင်းနီ၏ ဖက်ရှင်စတိုင်လ်မှာ အမေရိကန် Harper's Bazaar မှ ထုတ်ပြန်ထားသည့် ဆယ်ဦးစာရင်းတွင် နံပါတ်လေးနေရာရရှိခဲ့ကာ ကမ္ဘာကျော်မီဒီယာများနှင့် မဂ္ဂဇင်းများက ရွေးချယ်ထားသည့် Best Look in Met Gala ခေါင်းစဉ်အောက်သို့ ဝင်ခဲ့သည်။

အဆိုပါပွဲတော်တွင် ပွဲတော်၏ ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် ဖန်တီးထားသည့်ဖက်ရှင်စတိုင်လ်များကို ရွေးချယ်ခဲ့ရာ ဘလက်ပင့်ခ်မှ ဂျင်းနီ၊ လီဆာနှင့် ရို့စ်တို့ အသီးသီး စာရင်းဝင်ဖြစ်ခဲ့ကြသည်။

(SKY)

## The Legend of Maula Jatt ရုပ်ရှင်တွင် ပါကစ္စတန်မင်းသား ပါဝင်

ဘောလိဝုဒ် အနုပညာရှင်မင်းသမီး မာဟီရာခန်းနှင့် ပါကစ္စတန်နာမည်ကြီးမင်းသား ဖဝါဒ်ခန်းတို့ ပါဝင်ထားသည့် The Legend of Maula Jatt ရုပ်ရှင်မှာ ပရိသတ်စိတ်ဝင်စားမှု မြင့်မားစွာ ရရှိထားသည်။

နယ်မြေအတွင်း လူသတ်၍ အမျိုးသမီးများကို ဖမ်းဆီးခေါ်ဆောင်နေသည့် မျိုးနွယ်စုတစ်စုကို ကြောက်ရွံ့နေကြရသည့် အချိန် နယ်မြေအတွက် ပြန်တိုက်ထုတ်ပေးမည့် သူရဲကောင်းတစ်ဦး ပေါ်ပေါက်ခဲ့သည်။




ထိုသူရဲကောင်းမှာ မိဘများ အသတ်ခံရပြီးကတည်းက အတိတ်မေ့နေရာမှ တစ်ခုခုကို အလိုမကျဖြစ်ခဲ့ပြီး မိဘများကို သတ်သူမှာ နန်းတော်မိသားစုမှ ခေါင်းပြတ်များနှင့် ကစားလေ့ရှိသူမှန်းသိပြီး နှစ်ဦးသား ထိပ်တိုက် ရင်ဆိုင်ရာမှ သေခြင်းတရားကို ပွေ့ဖက်၍ အကြောက်တရားကို ဖောက်ထုတ်ကာ တန်ပြန်တိုက်ခိုက်ကြမည့် အိန္ဒိယနှင့် ပါကစ္စတန် အနုပညာရှင်နှစ်ဦးတို့၏ အက်ရှင်ဇာတ်ကြမ်းကား ဖြစ်သည်။

(SKY)

# စိုက် ပျိုး ရေး က ဏ္ဍ

## မိုးစပါးအထွက်နှုန်းတိုးတက်ရေး အသိပညာပေးသင်တန်းဖွင့် နှွေစပါးစံပြကွက် ဧက ၂၀၀ အား ကြည့်ရှု

**ကျောက်ဆည် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်သည် မေ ၂၀ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖွင့်လှစ်လျက်ရှိသော မိုးစပါး အထွက်နှုန်းတိုးတက်ရေး အသိပညာပေးသင်တန်းတွင် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒေသတွင်း ဆန်စပါးဖူလုံပို့လျှံရေး၊ တောင်သူပညာပေး စိုက်ပျိုးထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြကွက် ဧက၂၀၀ အား ကွင်းဆင်းကြည့်ရှုခဲ့သည်။



တိုင်းဒေသကြီးဦးစီးမှူးသည် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ နွားထိုးကြီးမြို့နယ်များမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့်အတူ အင်တိုင်းကျေးရွာ အုပ်စု ကွင်းအမှတ်(၁၄၉)၊ တောင်သူ ၃၃ ဦး စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော GW-11 စံပြ စိုက်ကွက် ဧက ၁၀၀ နှင့် ပတ္တာကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၉-ခ)၊ တောင်သူ ၁၀ ဦး စိုက်ပျိုးထားသည့် GW-11 စံပြကွက် ဧက ၈၀ နှင့် GW-18 စံပြကွက် ဧက ၂၀ တို့အား ကွင်းဆင်းကြည့်ရှုခဲ့ရာ ကျောက်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးမြင့်အောင်က မြေပြုပြင်ခြင်း၊ ပျိုးထောင်ပြောင်းရွှေ့စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်းလုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ရာ တိုင်းဦးစီးမှူးက ပန်းတိုင်အထွက်နှုန်း ပြည့်ဝစွာ ရရှိရေး မှာကြားခဲ့သည်။

ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေး စံပြကွက်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း ဆန်စပါးများဖူလုံမည့်အပြင် ပိုလျှံစပါးများအား လိုအပ်သည့်နေရာများတွင် ရောင်းချခြင်းဖြင့် စပါးစိုက်တောင်သူများ၏ လူမှုဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ်တွင် နွေစပါး ဧက ၄၉၃၂ စိုက်ပျိုးထားကြောင်း သိရသည်။

(ဝဲပုံ) (၄၈၅)

## ညောင်ဦးမြို့နယ် လက်ပံခြေပေါ် မြစ်ရေတင်ဖြင့် နွေစပါး ဧက ၁၀၀ စိုက်ပျိုး ပြီးစီး



**ညောင်ဦး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ဆိုလာမြစ်ရေတင်ဖြင့် နွေစပါး ဧက ၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့နယ် ဆိုလာစနစ် မြစ်ရေတင်ဖြင့် နွေစပါး စိုက်ပျိုးရန် မတ်လတွင် ပျိုးစတင်ပျိုးထောင်ခဲ့ကြောင်း ဧပြီလဆန်းပိုင်းက စတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့သည်။ ဆိုလာစနစ်မြစ်ရေတင်ဖြင့် စိုက်ပျိုး သည့် စပါးမျိုးမှာ ဆင်းသုခ၊ မနောသုခ၊(GW-11)၊ အောင်နိုင်တိုး စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်းရွှေ့ပြောင်းစိုက်ရကြောင်း စပါးတစ်သီး ရင့်မှည့်ချိန်ထိ ငါးလကြာမြင့်ကြောင်း နွေစပါးစိုက်တောင်သူများထံက သိရသည်။

မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက် တောင်သူ များ စပါးသီးနှံရိတ်သိမ်းပြီးချိန် အထိ တစ်ဧကစိုက်ပျိုးရေသွင်း စရိတ်ငွေကျပ် ၆၀၀၀ ပေးသွင်း ရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံ အတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးများ အထွက်နှုန်း ပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်းတန်လွန်းကြောင်း၊ နွေစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀ လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင်ရေသွင်းရကြောင်း တစ်ဧကေသွင်းဈေးလည်း တန်လွန်းကြောင်း နွေစပါးစိုက် တောင်သူများက ပြောသည်။

နွေစပါး စိုက်ပျိုးရာတွင် စပါးတစ်ဧကလျှင် ကောက်စိုက်သမ စိုက်ပျိုးခ ငွေကျပ် ၅၅၀၀၀ ဖြင့် စိုက်ဧကပြတ် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလာကြကြောင်း နွေစပါး စိုက်တောင်သူများက ရှင်းပြ၍သိရကာ လက်ပံခြေပေါ် မြစ်ရေတင်ဖြင့် နွေစပါး ဧက ၁၀၀ စိုက်ပျိုးပြီးကြောင်း သိရသည်။

(အပေါ်ပုံ)

ဒီပါလင်း

## မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၃၉၀၀၀၀ ကျော် ပျိုးထောင်ထားရှိ

**မင်းဘူး မေ ၂၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန် ကျောက်တန်း အမြဲတမ်းပျိုးဥယျာဉ်နှင့် မင်ဘူး-အမ်းကားလမ်းမဘေးရှိ ကန်ရေပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၃၉၀၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

အဆိုပါ ပျိုးပင်များထဲမှ ကန်ရေပျိုးဥယျာဉ်တွင် ပြည်ထောင်စု အထူးပျိုးပင်ပေါင်း ၃၃၀၀၀၊ တိုင်းဒေသကြီး အထူးစိမ်းလန်းစိုပြည်ရေးအတွက် တမာပျိုးပင်ပေါင်း ၁၇၅၀၀၊ ကျေးရွာထင်းစိုက်ခင်းအတွက် ပျိုးအပင်ပေါင်း ၁၃၅၀၀ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းအတွက် ပျိုးပင်ပေါင်း ၃၅၈၅၂၊ ပျိုးပင်စုစုပေါင်း ၉၉၈၅၂ ပင်ကို ပျိုးထောင်ထားရှိကြောင်း၊ အလားတူ ကျောက်တန်း အမြဲတမ်း ပျိုးဥယျာဉ်တွင် ပြည်ထောင်စု အထူးပျိုးပင်ပေါင်း ၂၀၀၀၀၊ တိုင်းဒေသကြီး အထူးစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၅၀၀၀၀၊ ပြည်သူလူထုအား အခမဲ့ဖြန့်ဝေမည့် လူထုဖြန့် ပျိုးပင်ပေါင်း ၄၄၂၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းအတွက် ပျိုးပင်ပေါင်း ၁၇၈၉၀၁၊ အထူးစိမ်းလန်းအရိပ်ရပင်များ စိုက်ပျိုးရန်အတွက် ပျိုးပင်ကြီး အပင်ပေါင်း ၃၀၀၊ ပျိုးပင်စုစုပေါင်း၂၉၃၄၀၁ ပင်တို့ကို ပျိုးထောင်ထားရှိပြီး ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တော ဦးစီးဌာနမှူး ဦးမြင့်အောင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း စိုက်ပျိုးသွားမည့် ပျိုးပင်များမှာ ကျွန်း၊ ပိတောက်၊ ယင်းမာ၊ ကုက္ကို၊ စိန်ပန်းကြီး၊ ထိုင်ဝမ်ဗာဒံ၊ မယ်ဇယ်၊ ဇီး၊ မှုဉ်ဝါး၊ စိန်တံခြူ၊ ဆီသပြေ၊ မယ်ဇလီ၊ မာတာကွတ်၊ ရေတမာ၊ တမာ၊ ဖျောက်ဆိပ်၊ ခရေ၊ ပျဉ်းကတိုး၊ ရှား၊ ယူကလစ် စသည့် ပျိုးပင်ပေါင်း ၃၉၃၂၅၃ ပင်ကို အဆိုပါ ပျိုးဥယျာဉ်နှစ်ခု၌ ပျိုးထောင်ထားရှိကြောင်း သိရသည်။

(အောက်ပုံ)

(၅၀၀)

၀-၀-၀-၀-၀-၀-၀




## ငှက်ပျောပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**တောင်တွင်းကြီး မေ ၂၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသခံပြည်သူများသည် နှစ်ရှည်သီးနှံပင်များကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် မိသားစုအပိုဝင်ငွေ ရရှိစေရန်အတွက် ငှက်ပျောပင်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိသည်။



ငှက်ပျောပင်များသည် ရာသီမရွေးအသီးသီးကာ နွေရာသီအချိန်တွင် အသီးများ အနည်းငယ်သေးပြီး မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အသီးများ ပိုကြီးကာ အထွက်နှုန်းကောင်းသည့်အတွက် ကာလတိုသီးနှံအဖြစ် စိုက်ပျိုးကြပြီး ဒေသရေမြေနှင့် လိုက်ဖက်သော ရွှေနီ၊ သီးမွေး၊ ဖီးကြမ်း၊ ရခိုင် စသည့် ငှက်ပျောမျိုးများကို စိုက်ပျိုးကြကာ မိသားစုအပိုဝင်ငွေရရှိရေးအတွက် နေအိမ်ခြံဝင်းများအတွင်း၌လည်းကောင်း၊ ဥယျာဉ်ခြံမြေများတွင်လည်းကောင်း တစ်ပိုင်တစ်နိုင် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ထို့ပြင် ငှက်ပျောသီးများကို တောင်တွင်းကြီးမြို့နှင့် အနီးတစ်ဝိုက်ဖြစ်သော ကျေးရွာများနှင့် မြို့ကြီးများသို့ ပို့ဆောင်ရောင်းချလျက်ရှိပြီး ငှက်ပျောတစ်ဖီးလျှင် အမျိုးအစားနှင့် အရွယ်အစားအလိုက် ငွေကျပ် ၂၀၀၀ မှ ၃၀၀၀ အထိ ရရှိကြောင်း ငှက်ပျောစိုက်ပျိုးရောင်းချသူ တောင်သူတစ်ဦး ထံမှ သိရသည်။

(ဝဲပုံ)

နောင်နောင် (ဗိဿနိုးမြေ)

## အမည်ပြောင်းလဲခေါ်ပါရန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်နေ ဦးဥက္ကါကျော် (၉/မနမ(နိုင်)၁၀၄၅၁၄)၏ သမီးဖြစ်သူ မသက်ထက်ရွှေစင်အား မသန့်စံပယ်ဖူး ဟုလည်းကောင်း၊ မမေဘရဏီကျော်အား မပိုးဘရဏီကျော် ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ပါရန်။

ဦးဥက္ကါကျော်(၉/မနမ(နိုင်)၁၀၄၅၁၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက် ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်တွင်းကုန်ပစ္စည်းထုတ်လုပ်မှု ကောင်းမွန်မှသာ ပို့ကုန်များရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လို......

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ် ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးမွေးမြူရေးဇုန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူဇုန်နှင့် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်

စာမျက်နှာ ၅ သို့ ❒





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးမွေးမြူရေးဇုန်နှင့်ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားစဉ်။

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ယူရိုပါလိဂ်ချန်ပီယံဆုအား စပါးအသင်း ထိုက်ထိုက်တန်တန် ဆွတ်ခူး

လန်ဒန် မေ ၂၁

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက စပိန်နိုင်ငံ၊




ဘီလ်ဘာအိုမြို့ရှိ ဆန်မာမီးစ်ကွင်းတွင် စပါးအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပါးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

စပါးအသင်းအတွက် ချန်ပီယံဖြစ်စေမည့် အဖိုးတန်သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၂မိနစ်တွင် ဘရန်နန်ဂျွန်ဆင်က သွင်းယူပေးခဲ့သည်။

စပါးအသင်း ယူရိုပါလိဂ်ချန်ပီယံဆုကြီးအား ရယူနိုင်ခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

စပါးအသင်းသည် ယူရိုပါလိဂ်ချန်ပီယံဆုအား ၁၉၈၄ခုနှစ်နောက်ပိုင်း တစ်ကြိမ်မှ ဆွတ်ခူးထားခြင်းမရှိသေးဘဲ နှစ်ပေါင်း ၄၀ ကျော်အကြာမှ ပထမဆုံးအကြိမ် ပြန်လည် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စပါးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ယူရိုပါလိဂ်ချန်ပီယံဆုကြီးအား ၁၉၇၂၊ ၁၉၈၄၊ ယခု ၂၀၂၅ ခုနှစ်တို့တွင် သုံးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

(NGB)

## Chinland အသင်းက Glory Goal အသင်းအား နှစ်ဂိုး၊တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် မေ ၂၁

MNL League Cup 2025 အုပ်စု(ဂ)ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက Chinland အသင်းနှင့် Glory Goal အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Chinland အသင်းက Glory Goal အသင်းအား နှစ်ဂိုး၊တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

Chinland အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုမူ ပွဲချိန် ၆၁မိနစ်နှင့် ၈၇မိနစ်တွင် လှဘုန်းဦးက သွင်းယူပေးခဲ့ပြီး၊ Glory Goal အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၇၁မိနစ်တွင် ထွန်းဝင်းမိုးက သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Man of The Match အကောင်းဆုံးကစားသမားဆုကို Chinland အသင်း တိုက်စစ်မှူး လှဘုန်းဦး (ကျောနံပါတ် ၁၀)က ဆွတ်ခူးရရှိခဲ့သည်။

အုပ်စု(ဂ)ပွဲစဉ် ၄ပွဲကစားအပြီးတွင် Chinland အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၅မှတ်ရရှိထားပြီး၊ Glory Goal အသင်းမှာမူ နိုင်ပွဲ တစ်ပွဲမျှ ရရှိထားခြင်း မရှိသေးကြောင်း သိရသည်။

(NGB)

MNL League Cup 2025

